# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်    ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ တနင်္လာနေ့    အတွဲ (၆၂)၊ အမှတ် (၁၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



## တည်ငြိမ်အေးချမ်းပြီးဖြစ်သည့် နာဂဒေသကို ယခုထက် ပိုမိုတည်ငြိမ်အေးချမ်းအောင် နာဂဒေသတွင်ရှိသည့် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်သွားကြစေလို

နေပြည်တော်   ဇန်နဝါရီ   ၁၅

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**ခရီးဦးကြိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် လဟယ်မြို့သို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသား မျိုးနွယ်စုများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် ဂုဏ်ပြု အမှာစကား ပြောကြားစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နာဂတိုင်းရင်းသူ၊ တိုင်းရင်းသားများ၏ သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခု က နှစ်သစ်ကူးအမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

❒ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနား ကျင်းပမည့် လဟယ်မြို့ ရိုးရာကွင်းသို့ ရောက်ရှိနေရာယူကြသည်။

**တက်ရောက်**

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို) နာယက ဦးမောင်ညာဏ်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ နာဂမျိုးနွယ်စုတိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၃ ခုနှစ်၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နာဂရိုးရာ ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ယခုကဲ့သို့ ကိုယ်တိုင်တက်ရောက်ခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း၊ မင်္ဂလာရှိလှသည့် နာဂလူမျိုးတို့၏ နှစ်သစ်ကူးပွဲတော်၌ နာဂဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများနှင့် မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများမတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ်မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားပြီး လေးစားမှုဖြင့် အတူတကွနေထိုင်ခဲ့ကြပါကြောင်း၊ မွေးဖွားရာဇာတိ၊ နေထိုင်ရာအရပ်ဒေသ၊ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ မည်ကဲ့သို့ပင် ကွဲပြားစေကာမူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများပမာ လက်တွဲနေထိုင်ခဲ့ကြပါကြောင်း၊ နာဂလူမျိုးဆိုသည်မှာလည်း နာဂတိုင်းရင်းသားတို့၏ မျိုးနွယ်စုတစ်ခုချင်းစီတို့၏ လူမျိုး၊ ဇာတိ၊ ဘာသာ အယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့် မသက်ဆိုင်ဘဲ အားလုံးသော နာဂမျိုးနွယ်များ၊ မျိုးနွယ်စုများ၊ မိသားစုအနွယ်တူများအားလုံးကို ပေါင်းစည်းဆိုလိုခြင်းပင်ဖြစ်ပါကြောင်း။

**လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်**

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နာဂတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း၊ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ တိမ်ကောပပျောက်မှုမရှိအောင် အလေးထား ထိန်းသိမ်း စောင့်ရှောက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**လက်တွဲပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုပါက နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ်၌ ပြည်သူများ အနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ အစိုးရအဖွဲ့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ **တည်ငြိမ်အေးချမ်းပြီးဖြစ်သည့် နာဂဒေသကို ယခုထက် ပိုမိုတည်ငြိမ်အေးချမ်းအောင် နာဂဒေသတွင်ရှိသည့် တိုင်းရင်းသားအားလုံး ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။**

**တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်**

တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင်လည်း မိမိတို့ပြည်ထောင်စုအစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ တိုင်းရင်းသားပြည်သူလူထုများက တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင်လည်း တစ်ဦးချင်းစီ တာဝန်ယူတတ်သည့် စိတ်ဓာတ်များ မွေးမြူပြီး စေတနာအပြည့်ဖြင့် ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ၌လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း စေတနာ၊ မေတ္တာအပြည့်ဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လူမှု၊ စီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ငွေကျပ် ၅ ဘီလီယံ မတည်ထောက်ပံ့ပေးမှုများအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြု**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေးသည် ယခင်ကထက် ပိုမိုကောင်းမွန်ပြီး မြို့ရွာများ ဖွံ့ဖြိုးတိုးတက်နေကြောင်း သိရှိရသည့်အတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နာဂဒေသ၏ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ကဏ္ဍအားလုံးကို ယခုထက် ပိုမိုမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နာဂတိုင်းရင်းသားများ၏ ပညာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယခုအချိန်သည် နာဂတိုင်းရင်းသားလူမျိုးများ၏ နှစ်သစ်ကူးအချိန်ကာလဖြစ်ပြီး အလွန်မင်္ဂလာရှိလှသည့် နှစ်သစ်ကူးကာလတွင် နာဂတိုင်းရင်းသူ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းအား နာဂတိုင်းရင်းသူအိကျန်ထွေညှု က အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နာဂရိုးရာ ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။

◆ **တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင်လည်း မိမိတို့ ပြည်ထောင်စုအစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ တိုင်းရင်းသားပြည်သူလူထုများက တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲတွင် နာဂရိုးရာအကအလှများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၄ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးပေါင်ခုက နှစ်သစ်ကူးအမှတ်တရ လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပစ္စည်းများ၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို) နာယက ဦးမောင်ဉာဏ်နှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ထောက်ပံ့ငွေကျပ်သိန်းတစ်ထောင်ကို ပေးအပ်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့ငွေကျပ်သိန်းတစ်ထောင်ကို ပေးအပ်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂတိုင်းရင်းသူ၊ တိုင်းရင်းသားများ၏ ခမ်ညူငမ်မျိုးနွယ်စု အက၊ လိုင်းနောင်မျိုးနွယ်စု အက၊ မကျုန်ပေါင်းညွှမ်မျိုးနွယ်စု အက၊ ကွန်ညှပ်မျိုးနွယ်စု အက၊ ဂုဏ်ဝမ်ပုံညိုမျိုးနွယ်စု အက၊ ပြည်ထောင်စု၏ ထာဝရအလှများသီချင်း စသည်တို့ဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တည်ခင်းဧည့်ခံသည့် ရိုးရာအစားအစာများကို သုံးဆောင်ကြသည်။

သီဆိုကပြဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နာဂရိုးရာတိုင်းရင်းသား အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာပြခန်းများအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂမျိုးနွယ်စုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**မီးထွန်းညှိဖွင့်လှစ်ပေး**

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲသို့ တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားများနှင့် အတူတကွပါဝင်ဆင်နွှဲသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လဟယ်မြို့နယ်နာဂရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့သည် နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိဖွင့်လှစ်ပေးသည်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာအကအလှများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အတူတကွ ပါဝင်ဆင်နွှဲခဲ့သည်။

ထို့နောက် နာဂမျိုးနွယ်စုအကအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများကိုယ်စား ကောင်စီဝင် Jeng Phang နော်တောင်က ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း အသီးသီးပေးအပ်ကြရာ နာဂမျိုးနွယ်စု အကအဖွဲ့များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရိုးရာအကအလှအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့ကြသည်။

**လာရောက်ကြည့်ရှုလေ့လာ**

အဆိုပါ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားနိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခင်က မြို့နယ်တစ်ခုချင်းစီအလိုက် ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်သော်လည်း ၁၉၉၂ ခုနှစ်မှစပြီး နာဂဒေသရှိ မြို့နယ်များအတွင်း အလှည့်ကျ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နာဂရိုးရာပွဲတော်သို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များသည်လည်း စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့် အတူတကွ ပါဝင်ဆင်နွှဲလေ့ရှိကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာကုန်း - ရေကျော် - ခွေးလှော်ဖော် - နတ်ကျွန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်



**ဘားအံ ဇန်နဝါရီ ၁၅**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝေပုံမြကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော သာယာကုန်း – ရေကျော် – ခွေးလှော်ဖော်–နတ်ကျွန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီခန့်က အဆိုပါ လမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။ **(ဝဲပုံ)**

လမ်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သာယာကုန်း–ရေကျော်–ခွေးလှော်ဖော် – နတ်ကျွန်းလမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းအားကြည့်ရှုစစ်ဆေးကာ ဖွင့်ပွဲသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသား ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

## ပလက်ဝမြို့နယ်မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား နေရပ်ပြန်လည်စေလွှတ်သည့်အခမ်းအနား ကျင်းပ

**ပလက်ဝ ဇန်နဝါရီ ၁၅**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား နေရပ်ပြန်လည်စေလွှတ်သည့် အခမ်းအနားကို ယနေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်ချုပ်စိုးမင်းက မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိရာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ရွက်ခြင်းဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို အခိုင်အမာ တည်ဆောက်သွားရန် ဖြစ်ကြောင်း ပြောကြားပြီး **(ယာပုံ)** ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ယာယီတိုက်ပွဲရှောင်ပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ပလက်ဝမြို့နယ်ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်ပြည်သူ စုစုပေါင်း ၂၈၂ ဦး၊ အိမ်ထောင်စု ၅၄ စုအား မိမိနေရပ်သို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေး ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဟုမ္မလင်းခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချေးငွေများ ထုတ်ပေးမှုနှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ One Village One Product ထုတ်လုပ်နိုင်ရေး ဒေသအလိုက် ထုတ်ကုန်အမယ်သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု စသည့်အခြေအနေများကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက ဟုမ္မလင်းခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလင်းနိုင်အေးက နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားတည်ဆောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီညီဇော်က ချင်းတွင်းတံတား(ထမံသီ) စီမံကိန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်သည့် NTT သစ်ပါးလွှာစက်ရုံမှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ရန်၊ လက်ဖက်လုပ်ငန်းရှင် ဒေါ်ခင်နှင်းခိုင်၊ ငါးခြောက်လုပ်ငန်းရှင် ဦးစိန်လွင်နှင့် ရော်ဘာလုပ်ငန်းရှင် ဦးကျော်စွာလွင်တို့က သစ်ပါးလွှာစက်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းများရရှိရေး သစ်စိုက်ခင်းများကို စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်မှု၊ ထွက်ရှိလာသည့် သစ်ပါးလွှာများကို မြန်မာနိုင်ငံ အလယ်ပိုင်းရှိ မြို့ကြီးများသို့ ပို့ဆောင်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ကုန်ကြမ်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်ကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည့်အတွက် လိုအပ်ချက်များကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဟုမ္မလင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် လက်ဖက်လုပ်ငန်းကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် လုပ်ကိုင်ခဲ့ကြပြီး လက်ရှိအချိန်တွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ ဒေသထွက်လက်ဖက်လုပ်ငန်းများ၏ ဈေးကွက်ရရှိမှု၊ ရေရှည်တည်တံ့စေရေးနှင့် လုပ်ငန်းတိုးချဲ့နိုင်ရေးအတွက် နိုင်ငံတော်မှ ငွေကြေးအရင်းအနှီးများ မတည်ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းထွက်ရှိသည့် ငါးများကို ငါးခြောက်၊ ငါးကျပ်တင်ခြင်းလုပ်ငန်းကို မိရိုးဖလာ စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ဒေသတွင်း အင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်ရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးနေမှုများကို ဒေသခံလုပ်ငန်းရှင်များမှ အထူးပင် ကျေးဇူးတင်ရှိမှု၊ ဟုမ္မလင်းဒေသအတွင်း ၂၀၀၅ ခုနှစ်မှစတင်၍ ရော်ဘာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် လုပ်ငန်းတိုးတက်ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။ *စာမျက်နှာ ၇ သို့*

- ဟုမ္မလင်းဒေသသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်
- ဒေသတွင်းဖြစ်ထွန်းသည့် လက်ဖက်၊ ရော်ဘာ စိုက်ပျိုးခြင်းများကို အားပေးဆောင်ရွက်ကြရန်လို
- ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လျှပ်စစ်စွမ်းအားရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့်ဒေသထွက်ကုန်ပစ္စည်းများကို လေ့လာစဉ်။

*စာမျက်နှာ ၆ မှ*

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် အရင်းအနှီးများ ထုတ်ချေးပေးလျက်ရှိမှုနှင့် ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဘဏ်များဖြင့် ချိတ်ဆက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူသွားရန်လိုအပ်မှု၊ ချေးငွေရယူပြီးပါက လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ MSME လုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေများကို နိုင်ငံတော်မှ သင့်တင့်သည့် အတိုးနှုန်းများဖြင့် ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးပွားရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများကို မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဟုမ္မလင်းခရိုင်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးထားမှုနှင့် လျှပ်စစ်မီးရရှိခြင်း မရှိသေးသည့် ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ဟုမ္မလင်းဒေသသည် ယခင်က ထက် များစွာတိုးတက် ပြောင်းလဲလာသည်ကို တွေ့ရသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းသာမိပါကြောင်း၊ မိမိအနေဖြင့် ဟုမ္မလင်းဒေသအတွင်း တာဝန်ထမ်းဆောင်ခဲ့စဉ် ဒေသ၏ အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုလျင်မြန်

> ❖ **လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်**
>
> ❂ **MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်**

ချောမွေ့ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့တွင်လည်း နာဂရိုးရာနှစ်သစ်ကူးပွဲတော် တက်ရောက်ချီးမြှင့်ပေးနိုင်ရေးဖိတ်ကြားခဲ့သည့်အတွက် ဟုမ္မလင်းဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ဦးစွာ ပြောကြားပြီး နိုင်ငံတော်၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ အကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ရပ်များလျော့ပါးစေရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်

ဆက်လက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပြောကြားရာတွင် ဟုမ္မလင်းဒေသသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် လက်ဖက်၊ ရော်ဘာ စိုက်ပျိုးခြင်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသတွင်း၌ မြေပဲ၊ နှမ်း၊ ဆီမုန်ညင်းတို့လည်း စိုက်ပျိုးကြကြောင်း၊ ဝါးသယံဇာတနှင့် ကြိမ်များလည်း ထွက်ရှိကြောင်း၊ ရွှေ အပါအဝင် သဘာဝက ပေးအပ်ထားသည့် သယံဇာတအရင်းအမြစ်များစွာ ကြွယ်ဝသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များလည်း ထွက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လျှပ်စစ်စွမ်းအားရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ဟုမ္မလင်းဒေသတွင် ဒေသတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းရှိပြည်သူများ၏ ဝင်ငွေသည်လည်း များစွာတိုးတက်လာမည်ဖြစ်သကဲ့သို့ လူမှုစီးပွားဘဝသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ဟုမ္မလင်းဒေသ၌ အရည်အသွေးကောင်းမွန်သည့် ဆန်နှင့် အခြားစိုက်ပျိုးရေးထုတ်ကုန်များ ထွက်ရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုံးရေ ရရှိရေးကိုလည်း ချောင်းတွင်းမြစ်မှ မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူ၍ ရှိပြီး မျိုးကောင်းမျိုးသန့် ရရှိရန်၊ မြေကို နည်းစနစ်တကျ ပြုပြင်အသုံးပြုရန်၊ စိုက်ပျိုးရေဖူလုံစွာ ရရှိရန်၊ မှန်ကန်သည့် စိုက်နည်းစနစ်ရှိရန်နှင့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြင့် ထည့်သွင်းအသုံးပြုရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် ရော်ဘာစိုက်ပျိုးမှုများကို တိုးမြှင့်ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံ၏ ရော်ဘာထုတ်ကုန်ပစ္စည်းလိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် အသိပညာရှင် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်အဝန်း စိုက်ပျိုးမွေးမြူရေး၊ အထက်တန်းကျောင်းများနှင့် သိပ္ပံများ ဖွင့်လှစ်၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### သွင်းအားစု၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သွင်းအားစု၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် မြေဩဇာ အခက်အခဲ၊ လျှပ်စစ်စွမ်းအား အခက်အခဲများကို နည်းလမ်းအမျိုးမျိုးဖြင့် ကျော်လွှားနိုင်သည် ဖြစ်သော်လည်း စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို မိမိတို့အနေဖြင့် အခြားနိုင်ငံများနည်းတူ ရင်ဆိုင်ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် မော်တော်ယာဉ် ၁ သန်းကျော်၊ မော်တော်ဆိုင်ကယ် ၆ သန်းကျော်ခန့်ရှိပြီး နေ့စဉ်စက်သုံးဆီ ဂါလန်ပေါင်းများစွာ သုံးစွဲလျက်ရှိကြောင်း၊ ထို့ကြောင့် တတ်နိုင်သရွေ့ လောင်စာဆီချွေတာသုံးစွဲရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အရင်းအနှီးနှင့် ပတ်သက်၍ နိုင်ငံတော်မှ လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေတွင် Developing ချေးငွေနှင့် Commercial ချေးငွေဟူ၍ ရှိကြောင်းနှင့် ချေးငွေအမျိုးအစားအလိုက် အတိုးနှုန်းများ ကွာခြားသွားမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်ကောင်းများ ရရှိရေးနှင့် ပတ်သက်၍ မိမိတို့ နိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်သည် အလယ်တန်းပညာအရည်အချင်းအောက်၌သာရှိကြောင်း၊ ၂၅ နှစ်အထက်လူဦးရေ ၈ ရာခိုင်နှုန်းခန့်သည်

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

စာလုံးဝတတ်မြောက်ခြင်း မရှိသည်ကို စာရင်းဇယား အချက်အလက်များအရ တွေ့ရှိရကြောင်း၊ အတန်းပညာ တတ်မြောက်မှသာလျှင် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ အားလုံး ကျောင်းတက်ရောက်ရန်နှင့် ပညာသင်ကြားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖွင့်လှစ်ပေးပြီးဖြစ်သဖြင့် ကျောင်းတက်ရောက်ရန် အားပေးဆောင်ရွက်ကြစေလိုပြီး ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထား အားပေး ဆောင်ရွက်ကြစေလိုကြောင်း။

### ဒေသ၏ ရှိရင်းစွဲအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချရန်နှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်

မိမိအနေဖြင့် ဒေသတွင်း ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသတွင်း လည်ပတ်ရင်းနှီးငွေများစွာရှိခြင်းသည် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားရေးမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ၏ ရှိရင်းစွဲ အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချကြစေလိုကြောင်းနှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အားကစားသမားများအား ဆုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁၅**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအားကစားသမားများ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ နည်းပြဆရာများ၊ ဆုရ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ညှော်ခံကျွေးမွေး**

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ရရှိခဲ့ကြသော အားကစားသမားများနှင့် အသင်းအုပ်ချုပ်သူ နည်းပြများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ကြရာ အားကစားသမားများနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အားကစားအသင်းများ ကိုယ်စား ပြေး၊ ခုန်၊ ပစ် အသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများအား တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး ဂုဏ်ပြုညစာဖြင့် ညှော်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးပရိယတ္တိစာသင်တိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိဥသာသီရိပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောကကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိ ဗုဒ္ဓဂါယာကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ အောင်မော်စံစာသင်တိုက်၊ တာမွေမြို့နယ်ရှိ အောင်မြေဗောဓိဓမ္မရိပ်သာအလိုတော်ပြည့်ကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိကန်ဦးကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဓမ္မဒူရတောရကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပုညဝတီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ဆင်တဲကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မသုခကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မဟာဗောဓာရုံကျောင်းတိုက်တို့သို့ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန်အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁) ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁) ဖြင့် တေးသံသွင်း လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များအား (၁)နှစ် သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် အခန်း(၂)၊ အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း (၃၀)ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေးကျပ်၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခွင့် မရှိကြောင်း၊ သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင် လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက် လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း- ၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်စဉ်။

❖ *ကျောဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ဖတ်ကြားသည်။

**ကယားပြည်နယ်နေ့ မိန့်ခွန်းမြွက်ကြား**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ မိန့်ခွန်းမြွက်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးတို့က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အဆင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း၊ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများကို ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဆုပစ္စည်းများချီးမြှင့်ခြင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သော သင်တန်းများနှင့် တိုင်းနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြရာ ဆုရရှိသူများက လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာကြသည့် သဘာပတိများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများသည် (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် လူထုအခမ်းအနားသို့ တက်ရောက်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ယင်းနောက် (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲနှင့် ညှော့ခံဖျော်ဖြေပွဲကို ညနေ ၆ နာရီတွင် ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့၊ တေးဂီတအဖွဲ့တို့က တိုင်းရင်းသားအကများ၊ တေးသံသာများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

**တိုင်းရင်းသားရိုးရာအကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများထံသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တို့က လက်ဆောင်ပစ္စည်းများကို နေရာအရောက်ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်က တိုင်းရင်းသားရိုးရာအကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် က တိုင်းရင်းသား အကအဖွဲ့များ၊ တီးဝိုင်းအဖွဲ့များနှင့် တူယှဉ်နွှဲပျော်ဂီတပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်သီဆိုခဲ့သည့် အဆိုရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်နုယဉ် (ကွယ်လွန်) ကိုယ်စား သမီးဖြစ်သူ ဒေါ်စိုးငြိမ်းထံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်ခင်ဆွေဦး (ကွယ်လွန်) ကိုယ်စား မြေးဖြစ်သူ လပြည့်ငြိမ်းချမ်းထံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၅

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်း ချီးမြှင့်အပ်နှင်းခဲ့သည်။**

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာတွင် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးစန်းမောင်(ငြိမ်း) (ကွယ်လွန်)ကိုယ်စား သမီးဖြစ်သူ ဒေါ်ကြည်ကြည်စန်းမောင်၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်နုယဉ်ကိုယ်စား သမီးဖြစ်သူ ဒေါ်စိုးငြိမ်း၊ သိပ္ပကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးအုန်းဖေကိုယ်စား သမီးဖြစ်သူ ဒေါ်ငွေရီ၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးသာကျော် (ကွယ်လွန်)ကိုယ်စား သားဖြစ်သူ ဦးစံသိန်း၊ နိုင်ငံတော်ကောင်စီဝင် ဦးအုန်းကြည်(ကွယ်လွန်)ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်ထားနီ၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်ခင်ဆွေဦး(ကွန်လွန်)ကိုယ်စား မြေးဖြစ်သူ လပြည့်ငြိမ်းချမ်း၊ သီရိပျံချီဘွဲ့ရရှိသူ ပဲခူးတိုင်းပြည်သူ့ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းကျော် (ငြိမ်း)(ကွယ်လွန်)ကိုယ်စား သမီးဖြစ်သူ ဒေါ်စန်းစန်းမြင့်၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၂) စက်မှုဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး သန်းညွန့်(ငြိမ်း)ကိုယ်စား သားဖြစ်သူ ဦးစိုးညွန့်နိုင်၊ သီရိပျံချီဘွဲ့ရရှိသူ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မြသင်း(ငြိမ်း) (ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မေညွန့်ရီ၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဗိုလ်ချုပ်လှဦး(ငြိမ်း)ကိုယ်စား သမီးဖြစ်သူ ဒေါ်နှင်းမာလာဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များကို ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ပြည်သူများနှင့်တွေ့ဆုံ၊ ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

လွိုင်ကော် ဇန်နဝါရီ ၁၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ကယားပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်တို့က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆိုလာပစ္စည်းများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဆေးပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးအောင်ဝင်းဦးတို့က လက်ခံရယူကြသည်။

## တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒေသခံပြည်သူများက လွိုင်ကော်မြို့အတွင်း တိုးမြှင့်ဆောင်ရွက် ပေးစေလိုသည့် တံတားများနှင့် လမ်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသတည်ငြိမ် အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကိုတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ထပ်မံဆောင်ရွက်ပေးမည့် အစီအမံများကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသော ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



## လှည့်လည်ကြည့်ရှု

ဆက်လက်၍ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့က (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ဌာနဆိုင်ရာများအလိုက် ပြသထားရှိသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

## ပြည်သူများလေ့လာနိုင်

(၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များ၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်နယ်အတွင်း MSME လုပ်ငန်းများနှင့် နိုင်ငံတော်မတည်ငွေဖြင့် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသော လုပ်ငန်းများ ဆောင်ရွက်နေမှုများ ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ၊ နိုင်ငံ့စီးပွားနှင့် ပြည်နယ်အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝကို အထောက်အကူ ပြုနေသည့် လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ တိုးတက် ဆောင်ရွက်မှုများ၊ ပြည်နယ်၏ အနာဂတ်ခရီးသွားလုပ်ငန်းကို အထောက်အကူပြုသည့် ပြည်နယ်အတွင်းရှိ အထင်ကရနေရာ မှတ်တမ်းများကို ကဏ္ဍစုံလင်စွာဖြင့် ခင်းကျင်းပြသထားပြီး ပြခန်းများကို ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ လွိုင်ကော်မြို့နယ် ခန်းမ၌ ပြည်သူများ လာရောက်လေ့လာနိုင်ရန်အတွက် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့်အဖွဲ့ ဌာနဆိုင်ရာများအလိုက်ပြသထားရှိသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

# နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းအပါအဝင် အာမခံကုမ္ပဏီများက အသက်နှင့် အထွေထွေအာမခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိခဲ့ကြသည့် ပြည်တွင်းအသက် အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လိုင်စင်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းအဆိုပြုလွှာ စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုခဲ့ခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိကြသည့် A Life Insurance Co., Ltd. နှင့် A Insurance Co., Ltd. တို့ကို အသက်အာမခံနှင့် အထွေထွေအာမခံကုမ္ပဏီလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ပေးအပ်သည်။ ထို့နောက် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိကြသည့် အာမခံကုမ္ပဏီနှစ်ခုမှ တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြပြီး မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ်တွင် အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်း နှစ်မျိုးလုံး ဆောင်ရွက်နိုင်သော ကုမ္ပဏီကိုးခုနှင့် အသက်အာမခံကုမ္ပဏီ သုံးခုတို့ကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ ခွင့်ပြုခဲ့ရာတွင် စံသတ်မှတ်ချက်နှင့်ကိုက်ညီပြီး မတည်ငွေ ပြည့်မီစွာထည့်ဝင်နိုင်သည့် အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်းနှစ်မျိုးလုံး ဆောင်ရွက်နိုင်သော ကုမ္ပဏီရှစ်ခုနှင့် အသက်အာမခံကုမ္ပဏီ သုံးခုတို့ကိုသာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့သည်။

လိုင်စင်ခွင့်ပြုခြင်းမရှိခဲ့သည့် အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်း ဆောင်ရွက်သောကုမ္ပဏီနေရာတွင် အစားထိုးလိုင်စင် ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခဲ့ပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်ဆင့်စိစစ်ကာ ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခုတို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရှိ အာမခံလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အာမခံကုမ္ပဏီများမှ အသက်အာမခံနှင့် အထွေထွေအာမခံ အပါအဝင် အာမခံအမျိုးအစား ၃၉ မျိုး ဝန်ဆောင်မှုပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၏အာမခံလုပ်ငန်းကဏ္ဍတွင် ပြည်တွင်း/ပြည်ပအာမခံကုမ္ပဏီ ၂၆ ခုတို့ကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ပေးအပ်ခဲ့ပြီးဖြစ်ရာ နိုင်ငံပိုင်မြန်မာ့အာမခံ လုပ်ငန်းအပါအဝင် အာမခံကုမ္ပဏီများက အများပြည်သူများအတွက် အသက်နှင့် အထွေထွေအာမခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# “ဝ” အထူးဒေသ မိုင်းမောနှင့် နမ့်တစ်မြို့နယ်အတွင်း ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) “ဝ” အထူးဒေသအတွင်း ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲများကို ယနေ့တွင် “ဝ”အထူးဒေသအတွင်းရှိ မိုင်းမောနှင့် နမ့်တစ်မြို့တို့၌ကျင်းပရာ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ ဦးညီနပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ “ဝ” အထူးဒေသအုပ်ချုပ်ရေးအဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ “ဝ”တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ “ဝ” အထူးဒေသ မိုင်းမောမြို့နယ် ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်ဖြင့် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း ၎င်းတို့၏ နိုင်ငံသားဖြစ်မှု အရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးခြင်း လုပ်ငန်းကို ခေတ်အဆက်ဆက် စီမံချက်များ ရေးဆွဲဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ “ဝ” အထူးဒေသတွင် ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်သည် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ရာ ယခုအခါ နိုင်ငံတစ်ဝန်း ရာနှုန်းပြည့်နီးပါး ထုတ်ပေးဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်ရန် ကျန်နေသေးသည့် “ဝ” အထူးဒေသနှင့် ယခုနှစ်အတွင်း အသက် ၁၆ နှစ်ပြည့်လာမည့် နိုင်ငံသားများအတွက် ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားကတ်သည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်သည့် အထောက်အထား တစ်ခုဖြစ်ပြီး လူမှုဘဝ ဆောင်ရွက်မှုတိုင်း၌ မရှိမဖြစ်လိုအပ်သည့် ကတ်ပြားတစ်ခုဖြစ်ပါကြောင်း၊ ကွင်းဆင်းဆောင်ရွက်ပေးရန် ကျန်ရှိနေသေးသည့် “ဝ”အထူးဒေသအတွင်းရှိ မြို့နယ်များကိုလည်း နိုင်ငံသားကတ်ပြား ထုတ်ပေးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် မိုင်းမောမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း ၉၇၅ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၈၈ ကတ်တို့ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ “ဝ”အထူးဒေသမှ အထွေထွေအတွင်းရေးမှူး ဦးတာ့ပေါင်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဒေသခံ ကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

ယင်းနောက် ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှုအတွက် “ဝ” အထူးဒေသမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မိုင်းမောမြို့နယ်အတွင်း ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်ပေးသည့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မိုင်းမောမြို့မှ နမ့်တစ်မြို့သို့ထွက်ခွာ၍ နမ့်တစ်မြို့ မြို့နယ်ခန်းမ၌ကျင်းပသည့် ပန်းခင်းစီမံချက် အဆင့်(၂) ဖြင့် ကွင်းဆင်း ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်ပွဲသို့ တက်ရောက်ကြပြီး အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကား ပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်က နမ့်တစ်မြို့နယ်အတွင်း ပန်းခင်းစီမံချက် ဆောင်ရွက်ပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နမ့်တစ်မြို့နယ်အတွင်း ပန်းခင်းစီမံချက်အဆင့်(၂) ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စု လူဦးရေစာရင်း ၂၉၄၁ စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၇၁၅ ကတ်တို့ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးအိုက်ရှန်းနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှုအတွက် “ဝ” အထူးဒေသအဖွဲ့မှ ဦးလူကြာရှင်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

အဆိုပါ အခမ်းအနားများတွင် မိုင်းမောနှင့် နမ့်တစ်မြို့နယ်အတွင်း ပန်းခင်းစီမံချက် အဆင့်(၂) ဖြင့် စုစုပေါင်းအိမ်ထောင်စုလူဦးရေစာရင်း ၃၉၁၆ စောင်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၉၃၀၃ ကတ်တို့ကို ကွင်းဆင်းဆောင်ရွက် ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် “ဝ” အထူးဒေသအတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့် မြို့နယ်များသို့လည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ဆက်လက်ကွင်းဆင်းဆောင်ရွက် ထုတ်ပေးနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော်　ဇန်နဝါရီ　၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသား ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက်မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်သည့်အကြံဖြင့် လူမဆန်စွာပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါလက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) နှင့် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးများက လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

၁။ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက်၊ ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

၂။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ပြည်သူများအား ဤသို့ပစ်မှတ်ထား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၁၅)ရက်

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် ဒီဇင်ဘာ ၁၅ ရက် နံနက် ၇ နာရီ ၁၅ မိနစ် အချိန်ခန့်တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

၂။ အဆိုပါ ယုတ်မာရိုင်းစိုင်းသောစိတ်ဓာတ်ဖြင့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယခုလုပ်ရပ်သည် အပြစ်မဲ့ပြည်သူများအပေါ် ဦးတည်ချက်ထားကာ ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း ထင်ရှားသဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်ကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ လုံးဝ (လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်

(၁/၂၀၂၃)
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ တနင်္ဂနွေနေ့

၁။ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် အကြမ်းဖက်သမား PDF အချို့က လက်နက်ကြီးများကိုအသုံးပြု၍ ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူတစ်ဦး သေဆုံးခဲ့ရပြီး အခမ်းအနားတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေသော ကျောင်းသား ကျောင်းသူခြောက်ဦး နှင့် ပြည်သူနှစ်ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယနေ့ နံနက်ပိုင်းက ပစ်ခတ်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်လုပ်ရပ်သည် ဒေသခံ တိုင်းရင်းသားများ၏ အထိမ်းအမှတ်အခမ်းအနားကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် အပြစ်မဲ့ပြည်သူများအား အစုလိုက်အပြုံလိုက် သေဆုံးစေရန် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် အဆိုပါ အကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံစာရေးဆရာအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

၁။ (၇၁)နှစ်မြောက်၊ ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

၂။ ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် အဝေးမှနေ၍ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွတ်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြည်နယ်ခန်းမရှေ့၌ ယနေ့နံနက်ပိုင်းတွင် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပနေစဉ် KNPPအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့ပြည်သူ နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပစဉ် လူမဆန်စွာ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး အဖွဲ့သူ၊ အဖွဲ့သားများမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

၁။ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသား ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနား ကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့အရပ်သား ကျားတစ်ဦး၊ မတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အရပ်သားကျားတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည့် ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လွန်စွာပင် စိတ်နှလုံးမချမ်းမြေ့ ဖြစ်ရပါသည်။

၂။ အပြစ်မဲ့ ပြည်သူများအား အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် လူစည်ကားရာနေရာသို့ အများပြည်သူများအား အစုလိုက် အပြုံလိုက် သေကျေဒဏ်ရာရရှိစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန် အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

# KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားပြုလုပ်နေသည့် ပြည်နယ်ခန်းမနေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံး၊ ကျောင်းသား ကျောင်းသူ ကလေးငယ်များအပါအဝင် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် ယနေ့ နံနက်ပိုင်းက KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

### အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး သေဆုံး

ဖြစ်စဉ်မှာ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက်မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီး ကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

### ရည်ရွယ်ချက်ရှိရှိဖြင့် လာရောက်ပစ်ခတ်

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ဒေသခံတိုင်းရင်းသားများ၏ ပြည်နယ်နှင့် သက်ဆိုင်သည့်အခမ်းအနားကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာနေရာသို့ အများပြည်သူများကို အစုလိုက် အပြုံလိုက် သေကျေဒဏ်ရာရရှိစေခြင်း အလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ ယုတ်မာရိုင်းစိုင်းပြီး လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ဒေသခံပြည်သူများက ရှုံ့ချမုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲပြုလုပ်နေသည့် ပြည်နယ်ခန်းမနေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ




# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ငွေကျပ် ၁ ဒသမ ၇၁ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ငွေကျပ် ၁ ဒသမ ၇၁ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် လမ်းသွယ် (၂၇)တွင် ဖြူးပြည့်စုံ(ခ)ငယ်ငယ် မောင်းနှင်လာသော ဆိုင်ကယ်ကို သတင်းအရ ရှာဖွေရာ ဘိန်းဖြူပါ ဆပ်ပြာခွက် ၁၁ ခွက်တွေ့ရှိပြီး ၎င်းနေထိုင်သည့် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ နေအိမ်မှ ဘိန်းဖြူပါ ဆပ်ပြာခွက် ၆၃ ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၄ သိန်း ထပ်မံရှာဖွေတွေ့ရှိသဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၇၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ဂရမ် ၇၄၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၄ သိန်းတို့ ဖမ်းဆီးရမိခဲ့သဖြင့် (ဓာတ်ပုံ) ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကူမဲမြို့မဈေးအတွင်း မီးဘေးလုံခြုံရေး လေ့ကျင့်ဆောင်ရွက်

**ကူမဲ ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းနှင့် မီးငြိမ်းသတ်ရေး ပူးပေါင်းလေ့ကျင့်မှုကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါဈေးအတွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်အေးက ဈေးအတွင်းမီးဘေးလုံခြုံရေး လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောသည်။ ထို့နောက် မီးသတ်ဆေးဘူး အသုံးပြုပြီး မီးငြိမ်းသတ်နည်းကို ရှင်းလင်းပြသကာ လက်တွေ့ပူးပေါင်းလေ့ကျင့်သည်။ ဆက်လက်၍ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နည်းကို ဈေးသူဈေးသားများက ပူးပေါင်းလေ့ကျင့်ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ပူးပေါင်းလေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် တာဝန်ရှိသူများ၊ ဈေးသူဈေးသားများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# လှိုင်သာယာ(အရှေ့ပိုင်း)နှင့် မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် နီလာ လက်ဖက်ရည်ဆိုင်အနီးတွင် ရဲကျော်(ခ)ရဲကျော်သူကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆နာရီ ၄၅ မိနစ်တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၁၀ နာရီခွဲတွင် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု အုန်းကြော (ရွာသစ်)ကျေးရွာအထွက်ရှိ သုသာန်အနီးတွင် မိုးမိတ်မြို့မှ မဘိမ်းမြို့ဘက်သို့ ဇော်ရိန်(ခ)ဇောင်လီ မောင်းနှင်ပြီး အောင်ထွန်း(ခ) မာနော် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ရဲကျော်(ခ)ရဲကျော်သူ အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ချိန်ခါမရွေး သတိပေး
## မီးဘေးကင်းဝေးမှာ

## ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် မော်လ်ဒိုက်ဗ်သို့ သွားရောက်လည်ပတ်



**ဖနောင်ပင် ဇန်နဝါရီ ၁၅**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက် တီချို ဟွန်ဆန်သည် ဇန်နဝါရီ ၁၅ ရက်တွင် မော်လ်ဒိုက်ဗ်နိုင်ငံသို့ သုံးရက်ကြာ လည်ပတ်ရန်အတွက် ထွက်ခွာသွားကြောင်း ကမ္ဘောဒီးယား အာဏာပိုင်များက ပြောသည်။

ယခုခရီးစဉ်မှာ ၁၉၉၅ ခုနှစ်အတွင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်သည့် အချိန်မှစကာ မော်လ်ဒိုက်ဗ်သို့သွားရောက်သည့် ဝန်ကြီးချုပ် ဟွန်ဆန်၏ ပထမဆုံး တရားဝင်ခရီးစဉ်ဖြစ်ကြောင်း ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဝန်ကြီး ဆာရီ သာမရွန်းက သတင်းထောက်များကို ပြောသည်။

မော်လ်ဒိုက်ဗ်ကျွန်းနိုင်ငံ၌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် မော်ဒိုက်သမ္မတ အီဗရာဟင် မိုဟာမက် ဆိုလိနှင့် နှစ်ဖက်တွေ့ဆုံပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံ ရှုထောင့်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ အစည်းအဝေးပြီးနောက် ခေါင်းဆောင်နှစ်ဦးသည် သံတမန်ရေးရာ၊ ကျန်းမာရေးနှင့် ခရီးသွားလာရေး ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာတမ်းခြောက်ခု လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ဆင်ဟွာ**


ရေကြီးမှုဒဏ် ခံစားနေရသည့် ဒေသခံများကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။

## ဖိလစ်ပိုင်နိုင်ငံ၌ မုန်တိုင်းများကြောင့် သေဆုံးသူ ၂၇ ဦးအထိရှိလာ

**မနီလာ ဇန်နဝါရီ ၁၅**

ယခုလအတွင်း ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း မုန်တိုင်းများကြောင့် သေဆုံးသူဦးရေမှာ ၂၇ ဦးရှိလာသည်ဟု အာဏာပိုင်များက ဇန်နဝါရီ ၁၅ ရက်တွင် ပြောသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုများလည်း ဆက်လက်ဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းထားသည်။

နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းကျွန်းများမှာ ခရစ္စမတ်ကာလတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကို ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် လူပေါင်းရာနှင့် ထောင်နှင့်ချီ၍ နေအိမ်မှ စွန့်ခွာခဲ့ရသည်။ ယခုနှစ်အစပိုင်းမှစတင်ကာ မုန်တိုင်းသုံးခုနှင့် ကြုံတွေ့ခဲ့ရကာ ၂၇ ဦး ထက်မနည်း သေဆုံးခဲ့ရပြီးဖြစ်သည်။

ရေကြီးမှုများနှင့် မိုးကြီးမှုများကြောင့် လူပေါင်း ၈၃၀၀၀ မှာ ကယ်ဆယ်ရေး စင်တာများတွင် နေထိုင်နေရပြီး နေအိမ်ပေါင်း ၁၂၀၀ ကျော်မှာ ပျက်စီးခဲ့ရသည်ဟု သိရသည်။ ဖိလစ်ပိုင်နိုင်ငံမှာ ရာသီဥတု သဘာဝဘေးဒဏ်ခံစားရသည့် နိုင်ငံများထဲမှ တစ်ခုဖြစ်ပြီး ကမ္ဘာကြီးပို၍ပူနွေးလာပါက ပိုမိုပြင်းထန်သည့် မုန်တိုင်းများ ဖြစ်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက သတိပေးထားကြသည်။

**အေအက်ဖ်ပီ**

## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် နောက်ထပ်သေဆုံးသူ ၄၁၅ ဦးရှိ

**တိုကျို ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံတစ်ဝန်း ဇန်နဝါရီ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူသစ် ၁၀၈၂၈၁ ဦး တွေ့ရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံ သေဆုံးသူ ၄၁၅ ဦးရှိသဖြင့် သေဆုံးသူပေါင်း ၆၂၆၇၉ ဦးရှိပြီဖြစ်သည်။ ရောဂါပြင်းထန်ပြီး အီးစီအမ်အို နှလုံး-အဆုတ် အထောက်အကူပြု စက်ကိရိယာ တပ်ဆင်ထားရသူ အရေအတွက်မှာ ၆၇၂ ဦးရှိရာ ယမန်နေ့ကထက် ၂၁ ဦး လျော့နည်းသွားကြောင်း သိရသည်။ တိုကျိုမြို့တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၈၂၆၉ ရှိပြီး သေဆုံးသူ ၃၄ ဦးရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## အမေရိကန်ဒေါ်လာ သန်း ၄၀ တန် ငွေသားအကူအညီ အာဖဂန်နစ္စတန်နိုင်ငံ လက်ခံရရှိ

**ကဘူးလ် ဇန်နဝါရီ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် ငွေသားများ လက်ခံရရှိခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၄၀ တန်ဖိုးရှိ ငွေသားကို ကဘူးလ်မြို့ရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် အပ်နှံထားသည်ဟု နိုင်ငံ၏ ဗဟိုဘဏ်ဖြစ်သည့် ဒီအေဘီဘဏ်မှ ဇန်နဝါရီ ၁၅ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။ ဇန်နဝါရီ ၁၄ ရက်တွင် ဒီအေဘီဘဏ်သို့ ငွေသားများ ရောက်ရှိလာခဲ့သည်။

အဆိုပါ ငွေများကို အာဖဂန်ရှိဘဏ်လုပ်ငန်းများ တိုးတက်အားကောင်းစေရေးအတွက် အသုံးပြုသွားမည်ဟုသိရသည်။ ပြီးခဲ့သည့် လအတွင်းကလည်း အမေရိကန်ဒေါ်လာ သန်း ၄၀ တန် အကူအညီနှစ်ခုကို ငွေသားအဖြစ် လက်ခံရရှိခဲ့သည်။ အဆိုပါငွေများကို အာဖဂန်နစ္စတန်ရှိ စီးပွားရေးဘဏ်တွင် အပ်နှံထားသည်ဟု သိရသည်။

**ဆင်ဟွာ**

## လေယာဉ်ပျက်ကျမှုအပြီး သေဆုံးသူ ၆၇ ဦး ထက်မနည်းရှိသည်ဟု နီပေါလေကြောင်းအာဏာပိုင်များပြော

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၅**

ဟိမဝန္တာတောင်ခြေရှိ ခရီးသွားများ အလာများသည့် နေရာတွင် ခရီးသည်တင်လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ ၆၇ ဦး ထက်မနည်း သေဆုံးခဲ့သည်ဟု နီပေါနိုင်ငံမှ လေကြောင်းအာဏာပိုင်များက ပြောသည်။ အဆိုပါ ခရီးသည်တင်လေယာဉ်မှာ လေယာဉ်အမှုထမ်းနှင့် ခရီးသည် ပေါင်း ၇၂ ဦးကို တင်ဆောင်လာပြီး ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်သည်။

ခတ္တမန္ဒူမှ နီပေါနိုင်ငံအလယ်ပိုင်း အပန်းဖြေမြို့ဖြစ်သည့် ပေါ့ခ်ဟာရာသို့သွားစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည်များတွင် နိုင်ငံခြားသား ခရီးသွားများလည်း ပါဝင်ကြောင်း၊ အဆိုပါလေယာဉ်မှာ ပြည်တွင်းလေကြောင်းလိုင်း ပိုင်ယက်တီလေကြောင်းလိုင်းမှ လေယာဉ်ဖြစ်ကြောင်း သိရသည်။ ပေါ့ခ်ဟာရာလေဆိပ်မှ ၃ ကီလိုမီတာအကွာရှိ တောင်ကြားတွင် လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ် အပျက်အစီးများကြား အလုပ်လုပ်ကိုင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပျက်ကျလေယာဉ်မှ လွင့်စဉ်လာသည့် မီးခိုးငွေ့ကြီးများကို ဗီဒီယိုဖိုင်တွင် တွေ့ရှိရသည်။ တောင်တန်းထူထပ်သည့် နီပေါနိုင်ငံ၌ လေယာဉ်မတော်တဆဖြစ်ရပ်များနှင့် ကြုံတွေ့ဖူးသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် နီပေါနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ထိခိုက်ခဲ့ပြီးနောက် နိုင်ငံအတွင်းသို့ နိုင်ငံခြားခရီးသွားများနှင့် တောင်တက်သမားများ ပြန်လည်ဝင်ရောက်လာချိန် ယခုလို လေယာဉ်ပျက်ကျမှုဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**


ကယ်ဆယ်ရေးလုပ်သားများက လေယာဉ်ပျက်ကျရာ နေရာတွင် ရှာဖွေကြစဉ်။

## သီရိလင်္ကာနိုင်ငံသို့ ရွှေ့ပြောင်းလုပ်သား ပြန်ပို့ငွေ ဒေါ်လာ ၄၇၅ သန်းကျော်ရှိ

**ကိုလံဘို ဇန်နဝါရီ ၁၅**

သီရိလင်္ကာနိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၄၇၅ ဒသမ ၆ သန်း ပြန်ပို့ပေးကြောင်း အလုပ်သမားနှင့် နိုင်ငံခြားအလုပ်အကိုင်ဝန်ကြီး မာနုရှ နာနေရက်ခါရာက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါပမာဏမှာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ အလုပ်သမားများ ပေးပို့သည့် အမေရိကန်ဒေါ်လာ ၃၂၅ ဒသမ ၂ သန်းထက် ၄၆ ရာခိုင်နှုန်း တိုးလာကြောင်း ဝန်ကြီးက မီဒီယာများကို ပြောသည်။



၂၀၂၁ ခုနှစ်တွင် သီရိလင်္ကာ အလုပ်သမားများ ပေးပို့မှုမှာ ဒေါ်လာ ၅ ဒသမ ၄၉ ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ်တွင် ၃ ဒသမ ၈ ဘီလီယံသာ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း အချက်အလက်များတွင် ဖော်ပြထားသည်။ အလုပ်သမားများ၏ လွှဲပြောင်းငွေသည် သီရိလင်္ကာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ၏ အဓိကရင်းမြစ်များထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်းရှိ

(၁၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၇၉,၇၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၅၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၂၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄-၁-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၆၅,၀၅၄) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၅,၄၃၃) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၄-၁-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၆၅,၀၅၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၅,၄၃၃ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၇၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၅ | ၂၇၇၅ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၂၈၅၅ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၃၇၅ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၇ | ၂၁၀၁ |
| 95 Ron | ၂၀၈၆ | ၂၁၆၂ |
| HSD (500 ppm) | ၂၂၉၆ | ၂၃၇၁ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၄၇ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း ပြည်တွင်းထူးခြားဖြစ်စဉ်သတင်းများ

**၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများစွာတို့တွင် ထူးခြားဖြစ်စဉ်များကို မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြခဲ့မှုများအနက်မှ ကောက်နုတ်စုစည်း ဖော်ပြအပ်ပါသည်။**

*ယမန်နေ့မှအဆက်*

**မတ် ၂၃**

**Myancopharm ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး စတင်ထုတ်လုပ်**

Myancopharm ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို မတ် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်ပေးသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် လစဉ်ကာကွယ်ဆေး Doses တစ်သန်းနှုန်းဖြင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကာကွယ်ဆေး Doses ၁၀ သန်း ထုတ်လုပ်သွားမည် ဖြစ်သည်။

**မတ် ၃၁**

**ဝန်ထမ်းအငြိမ်းစားယူရမည့်နေ့ရက် ၆၂ နှစ်သတ်မှတ်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ (က)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ ၂၃၀ ပါ ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက်အားယင်းဝန်ထမ်း ၆၂ နှစ်ပြည့်သည့်နေ့ဟု နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများဖြင့် ပြင်ဆင်ခဲ့သည်။

**ဧပြီ ၁**

**မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်စတင်**

အကောက်ခွန်ဦးစီးဌာနမှ မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတို့၌ မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System – MACCS) စနစ်ကို ဧပြီ ၁ ရက်တွင် စတင်အသုံးပြုခဲ့သည်။

**ဧပြီ ၃**

**ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)ထုတ်ပြန်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ကို ၂၀၂၂ ခုနှစ် ဧပြီ ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပမှနိုင်ငံခြားသုံးငွေဖြင့် ရရှိသောဝင်ငွေများကို မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ပေးပို့ပြီး နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD) လိုင်စင်ရဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ အလုပ်လုပ်ရက် (၁)ရက်အတွင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရောင်းချရမည်ဖြစ်ကြောင်း၊ ဤအမိန့်ကြော်ငြာစာအား လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**ဧပြီ ၇**

**သူတစ်ပါးထိခိုက်မှုနစ်နာကြေး သိန်း ၃၀ အထိ တိုးမြှင့်**

မြန်မာ့အာမခံလုပ်ငန်းမှ လက်ရှိအာဆီယံနိုင်ငံများ၏ သူတစ်ပါးထိခိုက်မှုအာမခံ နစ်နာကြေးပေးချေမှုနှုန်းထားနှင့် ကိုက်ညီစေရန်နှင့် စက်တပ်ယာဉ်ထိခိုက်မှုကြောင့် နစ်နာခဲ့ရသော ပြည်သူများအား တစ်စုံတစ်ရာ အထောက်အပံ့ ရရှိစေနိုင်ရန်အတွက် ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ စက်တပ်ယာဉ်ထိခိုက်မှုကြောင့် နစ်နာသူများအတွက် အကျိုးခံစားခွင့်ကို ငွေကျပ်သိန်း ၃၀ အထိ တိုးမြှင့်ပေးလျော်မည်ဖြစ်ကြောင်း ဧပြီ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

**ဧပြီ ၉**

**သိန်းနီစော်ဘွားကြီး၏ ဟော်နန်းတော် ပြန်လည်တည်ဆောက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့ရှိ သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ကြီးကျယ်ခမ်းနားထည်ဝါသည့် ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဧပြီ ၁၄**

**လက်ကောက်ဝတ်အထက်ပြတ်တောက်သူအား ပြန်ဆက်ပေး**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဧပြီ ၁၄ ရက်တွင် လက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသောလက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်။ ခွဲစိတ် ကုသမှုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူဘွဲ့သင်တန်းသား ဒေါက်တာဖြိုးမောင်မောင် ဦးဆောင်သည့် အဖွဲ့က ဧပြီ ၁၄ ရက် ည ၇ နာရီ မိနစ် ၅၀ မှ စတင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၅ ရက် နံနက် ၁ နာရီခွဲတွင် ခွဲစိတ်ကုသမှုပြီးစီးခဲ့ကြောင်း သိရသည်။

**ဧပြီ ၁၇**

**နိုင်ငံတကာ ပုံမှန်လေကြောင်း ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲ**

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ခရီးသွားများအဆင်ပြေစွာ လာရောက်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကို တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့ရာ ဧပြီ ၁၇ ရက်မှစတင်ကာ နိုင်ငံတကာ ပုံမှန်လေကြောင်း ခရီးစဉ်များကို စတင်ပျံသန်းပြေးဆွဲခွင့်ပြုခဲ့သည်။

**ဧပြီ ၁၈**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များထုတ်ပြန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် (၃၀/၂၀၂၂)နှင့် (၃၁/၂၀၂၂) တို့ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များကို ၂၀၂၂ ခုနှစ် ဧပြီလ ၁၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေရသော အကျဉ်းသား၊ အကျဉ်းသူ ၁၅၇၇ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၄၂ ဦး စုစုပေါင်း ၁၆၁၉ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

**ဧပြီ ၂၂**

**(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ**

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ ရက်က နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့သည်။ ပြပွဲကာလတွင် ပုလဲအတွဲပေါင်း ၃၃၀၊ ကျောက်မျက်အတွဲပေါင်း ၅၄ တွဲ၊ ကျောက်စိမ်းအတွဲပေါင်း ၁၃၃၅ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့သည်။

**ဧပြီ ၂၄**

**မြန်မာ- ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားဖောက်ခွဲမှု**

မြဝတီမြို့ရှိ မြန်မာ- ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားထိပ် (မြန်မာဘက်ခြမ်း) မုခ်ဦးတွင် ဧပြီ ၂၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က မော်တော်ယာဉ်ဖြင့် ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကာ မော်တော်ယာဉ်နှင့် အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။

**မေ ၁**

**ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းမှုစာချုပ်အသက်ဝင်**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်တွင် လက်မှတ် ရေးထိုးခဲ့သည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)သည် မြန်မာနှင့်တရုတ် နိုင်ငံတို့အကြား ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီး စာချုပ်ပါ ဦးစားပေး အခွင့်အလမ်းများကို စတင်ရရှိနိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

---

**ခရိုင် ၄၆ ခရိုင်အား ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်း**

နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ယခုထက်ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄၊ ၂၈၄(ခ) တို့နှင့်အညီ မူလက ခရိုင် ၇၅ ခရိုင်ဖြင့် ဖွဲ့စည်းထားရှိရာမှ ၂၀၂၂ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာများဖြင့် ခရိုင် ၄၆ ခရိုင်ကို ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့သည်။



နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများကို ၂၀၂၂ ခုနှစ် ဇွန် ၂ ရက်က တွေ့ရစဉ်။

**မေ ၁၁**

**(၃၁)ကြိမ်မြောက် ဆီးဂိမ်း မြန်မာ ပထမဆုံးရွှေတံဆိပ်ဆု**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို Kurash အားကစားနည်း +၈၇ ကီလိုတန်း အားကစားသမား မအေးအေးအောင်က မေ ၁၁ ရက်တွင် ဆွတ်ခူးပေးနိုင်ခဲ့သည်။ မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၈ ခုနှင့် ကြေးတံဆိပ် ၃၅ ခုရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်ခုနစ်တွင် ရပ်တည်ခဲ့သည်။

**မေ ၁၈**

**ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အွန်လိုင်းဗီဇာစတင်ခွင့်ပြု**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စွာ မိမိနိုင်ငံသို့ လာရောက်နိုင်ရန်အတွက် Online e-Visa (Business) လျှောက်ထားမှု လုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ပြန်လည်စတင် ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် အိမ်နီးချင်းနိုင်ငံများနှင့် ဟန်ချက်ညီ ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် e-Visa(Tourist) အမျိုးအစား လျှောက်ထားမှုအား ၂၀၂၂ ခုနှစ် မေလ ၂၀ ရက်မှ စတင်၍ ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

**မေ ၂၂**

**သာသနာ့အာဇာနည် အောင်လက်မှတ်ဆက်ကပ်**

(၇၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်အပါး ၂၀ တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို မေ ၂၂ ရက်က ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။ (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအထိ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့ အာဇာနည် အရှင်သူမြတ် ခြောက်ပါး ပေါ်ထွန်းခဲ့သည်။

**ဇွန် ၁**

**ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ဆေးကုသပေးခဲ့မှု**

တပ်မတော်နယ်လှည့် အထူးကု ဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သည့် တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်) သည် ကိုကိုးကျွန်းမြို့နယ်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများရှိ ဒေသခံပြည်သူများအား မေ ၄ ရက်မှ ၃၁ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ယခုခရီးစဉ်သည် (၁၃) ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၁၂၅၀၀ တို့ကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၁၆ ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

---

**(၃၅)လမ်း ကားမှတ်တိုင်၌ လက်လုပ်မိုင်းပေါက်ကွဲမှု**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅) လမ်း ကားမှတ်တိုင်၌ မေ ၃၁ ရက်က PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တစ်ဦးသေ၊ ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

**ဇွန် ၂**

**အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်က စတင်ဖွင့်လှစ်၍ သက်ဆိုင်ရာ အတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးခဲ့ရာ နိုင်ငံအဝန်း၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၂၄၀၃၂၃ ဦး တက်ရောက်ပညာသင်ကြားခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

**သတင်းအဖွဲ့- စုစည်းတင်ပြသည်**

# ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း နိုင်ငံတကာထူးခြားဖြစ်စဉ်သတင်းများ

**၂၀၂၂ ခုနှစ်သည် အခြားသော နှစ်များနှင့်မတူဘဲ ပါကစ္စတန်နိုင်ငံတွင် ပြင်းထန်သည့် ရေကြီးရေလျှံမှုမှ စံချိန်တင် အပူလှိုင်းကျရောက်သည်အထိ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း အဖြစ်အပျက်အပြောင်းအလဲများစွာဖြင့် ပြည့်နှက်နေခဲ့ပါသည်။ ထို့အပြင် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ပထဝီဝင်နိုင်ငံရေး မတည်ငြိမ်မှုများလည်း ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။**

*(ယမန်နေ့မှအဆက်)*

**ဇန်နဝါရီ**

### တင်းနစ်အကျော်အမော် ဒီဂျိုကိုဗစ် ပြည်နှင်ဒဏ်ပေးခံရ

ဆားဘီးယားတင်းနစ် အကျော်အမော် နိုဗက်ဒီဂျိုကိုဗစ်သည် ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသောကြောင့် ဩစတြေးလျနိုင်ငံက ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပြည်ဝင်ခွင့်ဗီဇာကို ပယ်ဖျက်ကာ ပြည်နှင်ဒဏ် ပေးခြင်းခံခဲ့ရသည်။ ၎င်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် မဲလ်ဘုန်းမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်ပြီး ဩစတြေးလျဝန်ကြီးချုပ်က ၎င်းတို့၏ နယ်စပ်နှင့် ဩစတြေးလျနိုင်ငံသားများကို ဘေးအန္တရာယ်ကင်းစေရန်အတွက်ဟုဆိုကာ အဆိုပါဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ၎င်းကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းပုံနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

**ဖေဖော်ဝါရီ**

### နွေရာသီနှင့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ပထမဆုံး လက်ခံကျင်းပသောမြို့ ပေကျင်းဖြစ်လာ

တရုတ်နိုင်ငံ ပေကျင်းမြို့သည် ဖေဖော်ဝါရီလတွင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို လက်ခံကျင်းပခဲ့သည့်အတွက် နွေရာသီအိုလံပစ်ပြိုင်ပွဲသာမက ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲပါ လက်ခံကျင်းပသည့် ပထမဆုံးမြို့ဖြစ်လာခဲ့သည်။ ၂၀၂၂ ခုနှစ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၀ ရက်အထိ ပေကျင်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၉၁ နိုင်ငံမှ အားကစားသမားပေါင်း ၂၈၇၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၆ ခုနှင့်အတူ စုစုပေါင်း ဆုတံဆိပ် ၃၇ ခုဖြင့် နော်ဝေနိုင်ငံက အများဆုံး ဆွတ်ခူးနိုင်ခဲ့သည်။



တရုတ်နိုင်ငံ ပေကျင်း၌ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးစကိတ်စီးပြိုင်ပွဲတွင် နယ်သာလန်နိုင်ငံသူ ဆန်နီ ပါဝင်ယှဉ်ပြိုင်စဉ်။

**မတ်**

### ဘိုးအင်း ၇၃၇ လေယာဉ်ပျက်ကျပြီး လေယာဉ်ပေါ်ပါ လူအားလုံး သေဆုံး

လူ ၁၃၂ ဦး လိုက်ပါလာသော တရုတ်နိုင်ငံ အရှေ့ပိုင်း လေကြောင်းလိုင်းမှ ဘိုးအင်း ၇၃၇ လေယာဉ်သည် မတ်လ ၂၁ ရက်တွင် ကွမ်ရှီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပျက်ကျမှုဖြစ်ပွားခဲ့သည်။ ခရီးသည် ၁၂၃ ဦးနှင့် အမှုထမ်း ကိုးဦးလိုက်ပါသော အဆိုပါလေယာဉ်သည် ကူမင်း ချန်းရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကွမ်ကျိုးဘေယွမ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်ပါ ၁၃၂ ဦး စလုံး သေဆုံးခဲ့သည်။

**ဇွန်**

### အာဖဂန်နစ္စတန်၌ ပြင်းထန်သော ငလျင်လှုပ်မှုဖြစ်

အာဖဂန်နစ္စတန်နိုင်ငံအရှေ့တောင်ပိုင်း၌ ဇွန် ၂၂ ရက်တွင် ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သည်။ ထိုငလျင်သည် ခေါ့စ်ပြည်နယ်၏ အနောက်တောင်ဘက် ၄၄ ကီလိုမီတာခန့်အကွာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကာ လူပေါင်း ၁၁၆၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၆၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ၂၀၀၂ ခုနှစ်နောက်ပိုင်း အင်အားပြင်းထန်ပြီး လူသေဆုံးမှုအများဆုံးဖြစ်ပွားခဲ့သည့် ငလျင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် အိုးအိမ်ပေါင်း များစွာပျက်စီးဆုံးရှုံးခဲ့သည်။ အာဖဂန်နစ္စတန်၌ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ငလျင်လှုပ်မှုကြောင့် လူပေါင်း ၇၀၀၀ ကျော် သေဆုံးခဲ့ရသည်။

**ဇူလိုင်**

### ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံခံရ

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် နိုင်ငံတောင်ပိုင်း နာရာမြို့၌ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ဟောပြောနေစဉ်အတွင်း ဇူလိုင် ၈ ရက်တွင် သေနတ်သမားတစ်ဦး၏ လုပ်ကြံသတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။ ၎င်းလုပ်ကြံခံရပြီး ကွယ်လွန်ချိန်တွင် အသက် ၆၇ နှစ် ရှိပြီဖြစ်သည်။ ၎င်းသည် ၂၀၀၆-၂၀၀၇ ခုနှစ်နှင့် ၂၀၁၂-၂၀၂၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို သက်တမ်းအရှည်ဆုံး ထမ်းဆောင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**ဇူလိုင်**

### မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကြေညာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) သည် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကြေညာလိုက်သည်။ ဇူလိုင် ၂၃ ရက်တွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတစ်ခု၌ ဒဗလျူအိတ်ချ်အို ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဟာနွန် ဂျီဘရီဆုစ်က ထိုကဲ့သို့ ကြေညာလိုက်ခြင်းဖြစ်သည်။ အဆိုပါ ကြေညာချက်သည် ဇူလိုင် ၂၁ ရက်က ကျင်းပသော အရေးပေါ်ကော်မတီအစည်းအဝေး တစ်ခုမှ ဆွေးနွေးမှုများအပေါ် အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကာ အဆိုပါအစည်းအဝေးသို့ ကမ္ဘာတစ်ဝန်းမှ ကျွမ်းကျင်သူများနှင့် ကျန်းမာရေးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**စက်တင်ဘာ**

### ဘုရင်မကြီး အဲလိဇဘတ် ၂ ကွယ်လွန်



ဗြိတိန်ဘုရင်မကြီး အဲလိဇဘတ်၂ သည် စကော့တလန်ရှိ ဘယ်လ်မိုရယ် ရဲတိုက်၌ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကွယ်လွန်ခဲ့သည်။ ၎င်းကွယ်လွန်ချိန်တွင် အသက် ၉၆ နှစ် ရှိပြီဖြစ်သည်။ ၎င်းသည် ဗြိတိန်ထီးနန်းကို ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ စတင်ကာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်အထိ နှစ်ပေါင်း ၇၀ ကြာ စံမြန်းခဲ့သည်။ ထို့အပြင် ၎င်းသည် ဗြိတိန်တွင် နန်းစံနှစ် ၇၀ နှင့် ၂၁၄ ရက်ဖြင့် အရှည်ကြာဆုံးဖြစ်ပြီး သမိုင်းတွင် အတည်ပြုထားသော အခြားသော ဘုရင်မများထက်လည်း နန်းစံသက် အရှည်ကြာဆုံးဖြစ်သည်။ ဘုရင်မကြီး၏ နိုင်ငံတော် ဈာပနအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က ဝက်မင်နက် စတာအက်ဘီ၌ ခမ်းခမ်းနားနား ကျင်းပခဲ့သည်။

**အောက်တိုဘာ**

### အိန္ဒိယလူကူးကြိုးတံတားပြတ်ကျ

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် မော်ဘီမြို့ Machchhu မြစ်ပေါ်ရှိ လူကူးကြိုးတံတားတစ်စင်း အောက်တိုဘာ ၃၀ ရက်က ပြတ်ကျမှုဖြစ်ပွားခဲ့သည်။ ထိုကြိုးတံတားပြတ်ကျမှုကြောင့် လူပေါင်း ၁၃၅ ဦး သေဆုံးခဲ့သည့်အပြင် အခြား ၁၈၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဂူဂျာရတ်အစိုးရက အဆိုပါ ဖြစ်ရပ်ကြောင့် သေဆုံးခဲ့သော မိသားစုဝင် တစ်ဦးချင်းဆီသို့ အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးချင်းဆီသို့ အမေရိကန်ဒေါ်လာ ၆၃၀ ပေးဆောင်ရန် ကြေညာခဲ့သည်။

**နိုဝင်ဘာ**

### ကမ္ဘာ့လူဦးရေ ၈ ဘီလီယံ ကျော်လွန်လာ

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံကို ကျော်လွန်လာခဲ့သည်။ ၁၈၀၃ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ လူဦးရေသည် ၁ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ပထမဆုံးသမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။ ထိုသို့ ရောက်ရှိပြီးနောက် နှစ်ပေါင်း ၂၀၀ ကျော်အကြာ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံကို ကျော်လွန်ခဲ့ပြီး နောက်ထပ်မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေသည် ယခုနှစ်တွင် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံကို ကျော်တက်ဖွယ်ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

**ဒီဇင်ဘာ**

### ကမ္ဘာကျော်ဘောလုံးသမား ပီလီ ကွယ်လွန်



ဘရာဇီး ဂန္ထဝင်ဘောလုံးကစားသမားကြီး ပီလီသည် အသက် ၈၂ နှစ်အရွယ် ဒီဇင်ဘာ ၂၉ ရက်တွင် ဆော်ပေါလ်လို၌ ကွယ်လွန်ခဲ့သည်။ ၎င်းသည် ကစားသမားဘဝ ၂၁ နှစ်တာကာလအတွင်း မိခင်နိုင်ငံ ဘရာဇီးအသင်းအတွက် ၉၂ ပွဲတွင် သွင်းဂိုး ၇၇ ဂိုးအပါအဝင် ပွဲပေါင်း ၁၃၆၃ ပွဲ ပါဝင်ကစားခဲ့ပြီး သွင်းဂိုးပေါင်း ၁၂၈၁ ဂိုး သွင်းယူထားသူဖြစ်သည်။

ထို့အပြင် ပီလီသည် ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်တွင် ကမ္ဘာ့ဖလားကို သုံးကြိမ်တိုင်တိုင် ကိုင်မြှောက်ခွင့်ရရှိသည့် တစ်ဦးတည်းသော ကစားသမားဖြစ်သည်။ ပီလီသည် ၎င်းမကွယ်လွန်မီတွင် ကျောက်ကပ်နှင့် ဆီးကျိတ်ပြဿနာများကို ခံစားခဲ့ရကာ ပုံမှန်ဆေးစစ်မှုများ ဆောင်ရွက်ရာတွင် အကျိတ်တွေ့ရှိပြီးနောက် ၂၀၂၁ ခုနှစ်တွင် ဆော်ပေါလ်လိုရှိ အဲဘတ် အိုင်းစတိုင်းဆေးရုံ၌ ၂၀၂၁ ခုနှစ်တွင် အူမကြီးမှ အကျိတ်ကို ဖယ်ရှားရန် ခွဲစိတ်မှုပြုလုပ်ခဲ့ရသည်။ ပီလီသည် ကလပ်အသင်းကစားသမားဘဝကို ဆန်းတို့စ်အသင်းတွင် စတင်ခဲ့သူဖြစ်ပြီး ဂျာမနီဂန္ထဝင်ကစားသမား ဖရန့်ဇ် ဘက်ကင်ဘောင်ဝါ၊ ၁၉၇၀ ကမ္ဘာ့ဖလားဆွတ်ခူးရရှိခဲ့သည့် အသင်းဖော် ကားလို့စ် အဲလ်ဘတ်တို့နှင့်အတူ နယူးယောက်ကော့စ်မို့စ်အသင်းတွင် ကလပ်အသင်းကစားသမားဘဝကို အဆုံးသတ်ခဲ့သူဖြစ်သည်။

**အောက်တိုဘာ**

### အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဘောလုံးကွင်း တစ်ခုအတွင်း အဓိကရုဏ်းဖြစ်ပွား


အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ Kanjuruhan အားကစားကွင်းအတွင်း၌ အောက်တိုဘာ ၁ ရက်က ပရိသတ်များ ကွင်းအတွင်း ကျူးကျော်ဝင်ရောက်လာပြီး အဓိကရုဏ်း ဖြစ်ပွားခဲ့သည်။ အဆိုပါပြိုင်ပွဲ၌ အိမ်ရှင် အရီမာအသင်းက ပြိုင်ဘက် ပါစီဘာယာ ဆူရာဘာယာကို ရှုံးနိမ့်ပြီးနောက် အရီမာအသင်း ပရိသတ် ၃၀၀၀ ကျော်ခန့် ကွင်းအတွင်း ကျူးကျော်ဝင်ရောက်ပြီးနောက် ထိုကဲ့သို့ အဓိကရုဏ်း ဖြစ်ပွားခြင်းဖြစ်သည်။ ကွင်းအတွင်း ဝင်ရောက်လာသည့် ပရိသတ်များက ကစားသမားများနှင့် အသင်းတာဝန်ရှိသူများကို တိုက်ခိုက်ခဲ့သည်။ ထို့နောက် ရဲတပ်ဖွဲ့က ကစားသမားကို ကာကွယ်ရန်နှင့် အကြမ်းဖက်မှုကို ရပ်တန့်ရန် ကြိုးစားရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ရပ်ကြောင့် အောက်တိုဘာ ၂၄ ရက်အထိ သေဆုံးသူပေါင်း ၁၃၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၅၈၃ ဦးအထိ ရှိခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံ ဘောလုံးကွင်းအတွင်းသို့ အောက်တိုဘာ ၁ ရက်က ပရိသတ်များ ရုန်းရင်းဆန်ခတ် ဖြစ်ပွားစဉ်။

**သတင်းအဖွဲ့ - စုစည်းတင်ပြသည်**

(ဆက်လက်ဖော်ပြပါမည်)



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Simple Future Tense (ရိုးရိုးအနာဂတ်ကာလ) အကြောင်း ပိုမိုနားလည်စေဖို့ လေ့ကျင့်ခန်းများနဲ့ အားဖြည့်ပေးလိုက်တဲ့အပြင် Simple Future Tense နဲ့ပတ်သက်တဲ့ မှတ်သားဖွယ်ရာ မှတ်စုများကိုလည်း လေ့ကျင့်ခန်းများရဲ့အဆုံးမှာ ထည့်ပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about 'Starting up a new business' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ တွဲဖက်ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Simple Future Tense (အနာဂတ်ကာလ) အကြောင်း ပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ အားဖြည့်ဖော်ပြလိုက်ပါတယ်။ ကဲ-ဖြေကြည့်ရအောင်။

Exercise (1) Fill in the blanks with the Simple Future Tense of the verbs in brackets.

e.g. There ……………..(be) a meeting tomorrow morning.
There will be a meeting tomorrow morning.

1. My father ……………..(buy) a new car next month.
2. John ……………….. (come) here in a few minutes.
3. I ……………..(tell) you the whole story tomorrow.
4. We ……………….. (go) to the party tomorrow night.
5. ……………..you …………..(see) Ko Ko next week?
6. …………….. Alice …………..(return) this evening?
7. They ……………….. (leave) in an hour.
8. There ………..(be) a football match next Wednesday.
9. We ……………….. (not play) badminton next week.
10. They ……………….. (work) very hard next year.
11. He ……………….. (do) that as soon as he can.
12. I ……………….. (stay) here until my brother returns.
13. We ……………….. (wait) until the rain stops.
14. They ……………….. (do) it if you ask them.
15. She ………..(bring) it when she comes here tomorrow.
16. …………you ………(tell) him when he comes back?
17. She hopes she …………..(not be) late for the meeting.
18. I am sure they ……………….. (arrive) here late.
19. I ……………….. (write) to you as soon as I get back.
20. …………the dog ……… (bark) at us when it sees us?

Exercise (2) Put in will ('ll) or won't.

1. Don't drink coffee before you go to bed. You ……… sleep.
2. Are you ready yet? Not yet. I ……….. be ready in five minutes.
3. I'm going away for a few days. I'm leaving tonight, so I ……….. be at home tomorrow.
4. It ……….. rain, so you don't need to take an umbrella.
5. A: I don't feel very well this evening.
   B: Well, go to bed early and you ……….. feel better in the morning.
6. It's Bill's birthday next Monday. He ……….. be 25.
7. I'm sorry I was late this morning. It …… happen again.
8. I think Diana ……….. pass the exam.
9. I don't know where I ……… be at 10 o'clock tomorrow.
10. I don't think Susan ……….. pass the test.

Exercise (3) Where will you be? Write sentences about yourself. Use:

I'll be … or I'll probably be … or I don't know where I'll be.

1. (at 10 o'clock tomorrow)
   I'll probably be on the beach.
2. (one hour from now)
3. (at midnight tonight)
4. (at 3 o'clock tomorrow afternoon)
5. (two years from now)



Functions of the simple future tense. The simple future refers to a time later than now, and expresses facts or certainty.

\# မှတ်စု-၁ #

| | | |
|---|---|---|
| I think | | |
| I don't think | + | Future Tense (will …) |
| Do you think | | |

ဥပမာ – 1. I think Ko Ko will pass the exam.
2. I don't think it will rain this afternoon.
3. Do you think the exam will be difficult.

\# မှတ်စု-၂ #

Will ကို စီစဉ်ထားပြီးသား သို့မဟုတ် ဆုံးဖြတ်ထားပြီးသား အကြောင်းအရာ၊ ကိစ္စရပ်များတွင် သုံးလေ့သုံးထ မရှိပါ။ ဥပမာ –

1. We're going to the cinema on Saturday.
2. I'm not working tomorrow.
3. Are you going to do the exam?

\# မှတ်စု-၃ #

I shall (= I will) and we shall (= we will)

ဥပမာ–

1. I shall be late tomorrow. Or I will (I'll) be late tomorrow.
2. I think we shall win. Or I think we will (we'll) win.

Shall ကို you/they/he/she/it တို့ဖြင့် တွဲမသုံးပါ။ ဥပမာ –

1. Tom will be late. (not 'Tom shall be late.')

## VOCABULARY (SYNONYMS)

1. **peruse = read (စေ့စေ့စပ်စပ်ဖတ်ရှုသည်။)**
   I can't read that road sign without my glasses.
   Would you care to peruse the wine list?
2. **plume = feather (ငှက်တောင်)**
   She wore a plume in her hat.
   Her suitcase felt as light as a feather.
3. **poor = destitute (ဆင်းရဲမွဲတေသော၊ စားရမဲ့ သောက်ရမဲ့ဖြစ်နေသော)**
   She was too poor to buy clothes for her children.
   When he died, his family was left completely destitute.
4. **port = harbour (သင်္ဘောဆိပ်၊ ဆိပ်ကမ်း)**
   The ship spent four days in port.
   Several boats lay at anchor in the harbour.
5. **portion = part (အစိတ်အပိုင်း/အပိုင်း/ဝေစု)**
   The center portion of the bridge collapsed.
   We've done the difficult part of the job.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Starting up a new business"

ဒီတစ်ပတ်မှာတော့ Starting up a new business လုပ်ငန်းသစ်တစ်ခု ထူထောင်တာနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို "Shortest way to talk about "starting up a new business" ဆိုပြီးဖော်ပြလိုက်ပါတယ်။

1. set up (a) business = လုပ်ငန်းတစ်ခု တည်ထောင်တယ်၊ ဖွဲ့စည်းတယ်လို့ အဓိပ္ပာယ်ရပါတယ်။
2. look (for sb/sth) = ဒီနေရာမှာ ရှာတယ်လို့ အဓိပ္ပာယ်ရပါတယ်။
3. What kind of business? = ဘယ်လိုစီးပွားရေးလုပ်ငန်းအမျိုးအစားလဲဆိုပြီး မေးတဲ့အခါမှာ သုံးလေ့ရှိပါတယ်။
4. What about …? = (မင်းလုပ်ငန်း၊ မင်းအလုပ်) အခြေအနေဘယ်လိုလဲ ဆိုပြီးမေးရင် သုံးနိုင်တဲ့ ပုံစံတစ်မျိုးဖြစ်ပါတယ်။
5. Are you going to …. ? = လုပ်တော့မလား။ ထွက်တော့မလား။ စသည်ဖြင့် အနာဂတ်မှာ တစ်ခုခု…. မလားဆိုပြီး မေးရင်သုံးနိုင်တဲ့ ပုံစံတစ်မျိုးဖြစ်ပါတယ်။ ဒီနေရာမှာတော့ အလုပ်ထွက်တော့မလားဆိုပြီး မေးထားတဲ့ပုံစံဖြစ်ပါတယ်။ ဥပမာ –
   – Are you going to quit? (မင်းအလုပ်ထွက်တော့မလို့လား?)
6. He wanted to know whether Sub + Verb
   တစ်ခုခု (ဖြစ်၊ လုပ်၊ ….) မလားဆိုတာ သိချင်လိုက်တာဆိုပြီး ပြောရင် ဒီပုံစံမျိုး သုံးနိုင်ပါတယ်။ ဥပမာ –
   – He wanted to know whether I could come up with the other half.

**Conversation**

**Starting up a new business**

Daisy: How was your dinner with David last night? What did he want to talk to you about?

Jack: Well, he told me that he was planning to set up his own business.




Daisy: Really? What kind of business?

Jack: He wants to open a coffee shop. You know, with sofas, good music, healthy food, WiFi – somewhere you can really relax.

Daisy: That sounds good. Whereabouts?

Jack: Here, in Springfield.

Daisy: I see. Where exactly is the location?

Jack: It's right across the street from the downtown bus station.

Daisy: Oh, that's a very good location.

Jack: Yes, it's the perfect spot for any business. And here's the thing. David asked me if I wanted to go into business with him.

Daisy: What? Are you serious? What about your job, then? Are you going to quit?

Jack: Well, I can keep my job for a while to see how things work out. I can quit later. He's looking for someone to invest in the business. He said he could raise half of the money and he wanted to know whether I could come up with the other half.

Daisy: How much exactly?

Jack: $ 40000.

Daisy: What? Where (on earth) are we going to get that kind of money?

Jack: Well, we have $ 25000 saved up and we could, um, take out a bank loan for the rest.

Daisy: I don't know what to say. It's a huge risk.

Jack: I'm sure it's going to be a very successful business.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး လူထုအားကစားမြှင့်တင်ပေး

ကိုဌေး(ကနောင်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု ထူထောင်ရာတွင် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုကို အခြေခံရမည် ဖြစ်ပါသည်။ ထို့ကြောင့်ပင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော်က ဂရိနိုင်ငံများ တန်ခိုးကြီးထွားစဉ် စပါတာလူမျိုးများသည် ၎င်းတို့နိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်ရေးအား အထူးအလေးပေးသည့်အနေဖြင့် နိုင်ငံအတွင်း မွေးဖွားလာသော ကလေးများအား ချီလီဆိုသည့်အရပ်သို့ သွားရောက်စေပြီး ကျန်းမာရေး စစ်ဆေးသည့်အဖွဲ့ထံ စစ်ဆေးခံရကြောင်း၊ ကျန်းမာသန်စွမ်းသည့် ကလေးများအား နိုင်ငံက အစစအရာရာ တာဝန်ယူ ပြုစုပျိုးထောင်ပြီး ကျန်းမာသန်စွမ်းမှုမရှိ၊ ကိုယ်လက်အင်္ဂါပြည့်စုံခြင်း မရှိသည့် ကလေးငယ်များအား အပိုဗီသီဆိုသည့် ချောက်ကမ်းပါးမှ အောက်သို့ ပစ်ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။ ကျန်းမာသန်စွမ်း၍ ရောဂါကင်းသောကလေးများအား နိုင်ငံတော်မှ အားကစားနှင့် စစ်ရေးပညာများ တွဲဖက်သင်ကြားပေးပြီး ကျန်းမာသန်စွမ်းသော လူငယ်များဖြင့် တောင့်တင်းခိုင်မာသော စစ်တပ်ကို ဖွဲ့စည်းကာ နိုင်ငံ၏ ကာကွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးရာအဖြာဖြာတို့ကို တည်ဆောက်ခဲ့ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည့် ရာဇဝင် အထောက်အထားများကို တွေ့ရမည် ဖြစ်ပါသည်။ ဤသည်ကား တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် လွန်စွာအရေးကြီးသည်ကို ဖော်ညွှန်းနေခြင်းပင်ဖြစ်ပါသည်။

### လူထုအားကစား ပေါ်ပေါက်လာပုံ

လူထုအားကစား စတင်ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၅၅-၁၉၅၆ ခုနှစ်ဝန်းကျင်ခန့်တွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု မှတ်သားဖူးပါသည်။ အဆိုပါအချိန်ကာလတွင် နိုင်ငံအများစုသည် လွတ်လပ်ရေး ရရှိခဲ့ကြပြီး ဒုတိယကမ္ဘာစစ်အတွင်း စစ်ဘေးစစ်ဒဏ်ခံရသည့်အတွက် တိုင်းပြည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ကြရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မရှိမဖြစ် လိုအပ်သည့် အရာမှာ ပြည်သူများ၏ ကာယကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို ဦးစားပေး ပျိုးထောင်ပေးခြင်း မှတစ်ပါး အခြားနည်းလည်းမရှိကြောင်း သိရှိခဲ့ကြပါသည်။

တိုင်းပြည် ပြန်လည်ထူထောင်ရေးကာလတွင် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တည်ဆောက်ရာ၌ ကုန်ထုတ်စွမ်းအား မြင့်မားရေးအတွက် ကျန်းမာသန်စွမ်းသည့် ကာယ၊ ဉာဏ လုပ်သားကောင်းများ ရရှိရန် လိုအပ်သကဲ့သို့ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကျန်းမာသန်စွမ်းသည့် စစ်သည်များလည်း မရှိမဖြစ် လိုအပ်လာပါသည်။ သို့ဖြစ်၍ ကျန်းမာသန်စွမ်းသည့် ပြည်သူ ပြည်သားများ ဖြစ်လာစေရေးအတွက် အားကစားလှုပ်ရှားမှုများကို ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် ဆောင်ရွက်ပေးရမည့် နည်းလမ်းမှတစ်ပါး အခြားနည်းလမ်း မရှိကြောင်းလည်း သိရှိနားလည်လာခဲ့ကြပါသည်။ အဆိုပါကာလများတွင် ဆောင်ရွက်ခဲ့သည့် အားကစားလှုပ်ရှားဆောင်ရွက်မှုများမှာ အပျင်းပြေသဘောမျိုးမဟုတ်ဘဲ အမျိုးသားရေး စိတ်ဓာတ်နှင့် သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ကြခြင်းလည်း ဖြစ်ပါသည်။



ပြီးခဲ့သော ဒီဇင်ဘာလဒုတိယပတ်က လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပစဉ်။

မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၆၄ ခုနှစ်မှ စတင်၍ ကျန်းမာကြံ့ခိုင်မှုနှင့် ပြည့်စုံသည့် ပြည်သူများ ဖြစ်ပေါ်လာစေရေးအတွက် Mass Sports ဟုခေါ်သည့် လူထုအားကစားလုပ်ငန်းများကို **"လူတစ်စု အားကစားမှ လူထုအားကစား"** ဆိုသည့် ဆောင်ပုဒ် စိုက်ထူစွဲကိုင်ပြီး **"ကျေးရွာအဆုံး၊ တစ်ပြည်လုံး၊ ဆင်းရဲချမ်းသာ ကစားပါ"** ဆိုသည့် ကြွေးကြော်သံဖြင့် လူထုအားကစားလှုပ်ရှားမှုများအတွက် တပ်လှန့်နှိုးဆော်ခဲ့သည့် အားကစားသမိုင်းမှတ်တိုင်များ ခိုင်ခိုင်မာမာရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

### လူထုအားကစား၏ သဘောသဘာဝများ

လူထုအားကစားပေါ်ပေါက်လာရခြင်း သမိုင်းကြောင်းအပေါ် အခြေခံ၍ လူထုအားကစားနှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် **"လူထုအားကစားဆိုသည်မှာ အားကစားလှုပ်ရှားဆောင်ရွက်မှု အရပ်ရပ်တွင် လူအများစုသာမဟုတ်ဘဲ လူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားကစားခြင်း"** ဟူ၍လည်းကောင်း၊ **"လူထုအားကစားဆိုသည်မှာ ငွေကုန်ကြေးကျနည်း၍ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်၊ ယောကျ်ား၊ မိန်းမမရွေး လွယ်လင့်တကူ စုပေါင်းလေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း"** ဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ လူထုအားကစားမှာ အခြားအားကစားနည်းများကဲ့သို့ လေ့ကျင့်ယှဉ်ပြိုင်ခြင်းများ မပါဝင်ဘဲ ကျန်းမာကြံ့ခိုင်မှုရှိရေးကို ဦးတည်၍ လူအများ လွတ်လပ်ပျော်ရွှင်စွာ စုပေါင်းဆောင်ရွက်ကြခြင်းမျိုးဖြစ်ပါသည်။

လူထုအားကစား လှုပ်ရှားမှုများဖြစ်သည့် စုပေါင်းလမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို စုပေါင်းပြုလုပ်ခြင်းများသည် အားကစားအထောက်အကူပြုပစ္စည်းမလိုခြင်း၊ အသက်အရွယ်ကျား၊ မ မရွေး စုပေါင်းပါဝင်လှုပ်ရှားနိုင်ခြင်းတို့အပြင် ပြိုင်ပွဲအသွင် မဟုတ်သည့်အတွက် ပါဝင်ဆင်နွှဲသူအားလုံး လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြမည် ဖြစ်ပါသည်။ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို တစ်ဦးချင်း ပုံမှန်ပြုလုပ်မည်ဆိုပါက ပြုလုပ်သူ တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မည်ဖြစ်ပြီး မိသားစုအလိုက် သော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်းကောင်း၊ ရုံးဌာနအလိုက် သော်လည်းကောင်း၊ ကျောင်းအလိုက် သော်လည်းကောင်း စုပေါင်းဆောင်ရွက်ပါက ပါဝင်ဆောင်ရွက်သူများအားလုံး ကျန်းမာခြင်း၏ အကျိုးကို မလွဲမသွေ ရရှိခံစားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံအတွင်းရှိ ပြည်သူအများ ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ **ယခင် အားကစားနှင့် ကာယပညာကော်မတီ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှသည် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အပါအဝင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစား တစ်ခုခုကို ပြုလုပ်ခြင်း အလေ့အကျင့်များ ဖြစ်ပေါ်လာစေရေးအတွက် ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်းတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုများနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြုလုပ်နိုင်ရန် စီမံချက်များ ချမှတ်၍ တွန်းအားပေးဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ထိုသို့ ဆောင်ရွက်ပေးနေခြင်းမှာ ပြည်သူများ၏ ကျန်းမာရေးအတွက် ကောင်းမွန်သည့် အလေ့အကျင့်များ ရရှိစေရန် ဝန်ကြီးဌာနအနေဖြင့် အစပျိုး အကောင်အထည်ဖော်ပေးနေခြင်းသာ ဖြစ်ပါသည်။ ထိုအလေ့အကျင့်ကောင်းများအား ပြည်သူများအနေဖြင့် လိုက်ပါဆောင်ရွက်ကြရန်သာ လိုအပ်ပါသည်။ လူတစ်ဦးချင်းမှ အစပြု၍ ပြည်သူတစ်ရပ်လုံး နေ့စဉ် အနည်းဆုံး နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုကိုသာ ပုံမှန်ပြုလုပ်ကြမည်ဆိုပါက အားလုံးကျန်းမာလာကြမည်ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးသာ ပင်ကိုကျန်းမာရေးအသိဖြင့် လိုက်ပါလုပ်ဆောင်ကြမည်ဆိုလျှင် ပြည်သူအများ ကျန်းမာလာကြမည်ဖြစ်၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် အချက်အား ပြည်သူများကိုယ်တိုင် အလိုလိုက်နာအကောင်အထည်ဖော်ပြီးသား ဖြစ်သွားမည်ဟုလည်း ယုံကြည်မိပါသည်။

### လူထုအားကစားမြှင့်တင်ခြင်းနှင့် အားကစား အောင်မြင်မှု တိုက်ရိုက်အချိုးကျသည့် အခြေအနေများ

၁၉၆၀ ပြည့်လွန်နှစ်များတွင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အားကစားကို လူထုအားကစား လှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုခေတ် ထိုအခါက လူထုအားကစားလအဖြစ် သတ်မှတ်ထားသည့် ဒီဇင်ဘာလအတွင်း အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်မှုပြုလုပ်ခြင်းများအပြင် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ၎င်းအပြင် (ဥပမာ- လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့များကဲ့သို့) နေ့ကြီး/ရက်ကြီးများတွင် မြန်မာပြည်အနှံ့ အားကစားပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။ ရပ်ကွက်/ကျေးရွာပေါင်းစုံ၊ မြို့နယ် ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ဒေသဆိုင်ရာ၊ အဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားဝါသနာရှင်များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆင်နွှဲခဲ့ကြသည်။ ပြိုင်ပွဲများလည်း ခြိမ့်ခြိမ့်သဲ စည်ကားခဲ့သည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အားကစားကို စိတ်ပါဝင်စားသည့် မြို့မိ၊ မြို့ဖများ၊ အားကစားဝါသနာရှင်များနှင့် အားကစားဆပ်ကော်မတီများ ပူးပေါင်း၍ မြန်မာပြည်အနှံ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။

ထိုခေတ်ကာလက ပြည်နယ်/ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများမှာ အဆင့်အတန်းမြင့်မားပြီး ပြိုင်ဆိုင်မှု ပြင်းထန်သည့်အတွက် ထိုပြိုင်ပွဲများမှ အားကစားနည်းအလိုက် ထူးချွန်သည့် မျိုးဆက်သစ်များ ပေါ်ထွက်မှုကြောင့် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားခဲ့သည်။ ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပ၍ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အတွေ့အကြုံရယူကာ ထိုခေတ် ထိုအခါက ဒေသတွင်း အားကစားပြိုင်ပွဲများတွင် အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (SEAP Games) ပြိုင်ပွဲများတွင် မြန်မာ့အားကစား ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့သည်မှာ လူထုအားကစားမြှင့်တင်ဆောင်ရွက်ခြင်းနှင့် အားကစားအောင်မြင်မှု တိုက်ရိုက်အချိုးကျသည့်အခြေအနေများပင် ဖြစ်ပါတော့သည်။

### ရွှေရောင်လွှမ်းခဲ့သည့် ကာလများမှ အားကစားအောင်မြင်မှု တစ်စိတ်တစ်ဒေသ

မြန်မာနိုင်ငံအနေဖြင့် လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း မြန်မာ့အားကစား *စာမျက်နှာ ၂၁ သို့*

**✻ နိုင်ငံအတွင်းရှိ ပြည်သူအများ ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်၍ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို ပြုလုပ်ခြင်း အလေ့အကျင့်များ ဖြစ်ပေါ်လာစေရေးအတွက် ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်းတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်နိုင်ရန် စီမံချက်များချမှတ်၍ တွန်းအားပေးဆောင်ရွက်နေခြင်း ဖြစ်ပါသည်**


၁၉၆၉ ခုနှစ်က မလေးရှား၌ ကျင်းပသော တတိယအကြိမ် ကျွန်းဆွယ်အားကစားပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာဘောလုံးအသင်း။

*စာမျက်နှာ ၂၀ မှ*
အောင်မြင်မှုများကို ပြန်ကြည့်လျှင် အရှေ့တောင် အာရှအဆင့်တွင် ထိပ်တန်း၌ ရပ်တည်နိုင်ခဲ့ပြီး အာရှအဆင့်ထိ ထိုးဖောက်ကာ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်ကို တွေ့ရသည်။

အဆိုပါကာလများအတွင်း အားကစားနည်း အလိုက် အောင်မြင်မှုများစွာ ရှိသည့်အနက် အောင်မြင်မှုအချို့ကို ကောက်နုတ်ဖော်ပြရမည် ဆိုလျှင် ၁၉၆၁ ခုနှစ် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် အရှေ့တောင် အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ ကြီးအား ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် အားကစား နည်းအလိုက် ပြိုင်ပွဲ ပွဲစဉ်ပေါင်း ၇၉ ပွဲ ထည့်သွင်း ကျင်းပခဲ့ကြရာ ပွဲစဉ်ပေါင်း ၃၅ ပွဲတွင် မြန်မာနိုင်ငံမှ အောင်မြင်မှု ဆုတံဆိပ်များ ရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။ အလားတူ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲကြီးတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းအလိုက် ပြိုင်ပွဲ ပွဲစဉ်ပေါင်း ၁၄၅ ပွဲ ထည့်သွင်းကျင်းပခဲ့ရာ ပွဲစဉ်ပေါင်း ၅၇ ပွဲ၌ အောင်မြင်မှု ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမနေရာ ရပ်တည်နိုင်ခဲ့ပြန်ပါသည်။ ဒုတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် အားကစားနည်း တစ်ခုတည်းမှ ရွှေတံဆိပ်ခုနစ်ခု ရရှိခဲ့ပြီး ပဉ္စမအကြိမ် ကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်း တစ်ခုတည်းမှ ရွှေတံဆိပ် အခု ၂၀ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို့ပြင် အဆိုပါကာလများအတွင်း မြန်မာ ဘောလုံးအသင်းသည် ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်များတွင် ငါးနှစ်ဆက်တိုက် အရှေ့တောင်အာရှကျွန်းဆွယ် ချန်ပီယံဖြစ်ခဲ့ပြီး ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များတွင် ကျင်းပ သည့် အာရှအားကစားပြိုင်ပွဲများတွင် နှစ်ကြိမ် ဆက်တိုက် အာရှချန်ပီယံဖြစ်ခဲ့သည်။ အရှေ့တောင် အာရှနိုင်ငံများတွင် အာရှချန်ပီယံ နှစ်ကြိမ်ဖြစ်ခဲ့ သည့်နိုင်ငံဟူ၍ မြန်မာနိုင်ငံ တစ်နိုင်ငံသာ ရှိခဲ့သည့် သမိုင်းမှတ်တမ်းလည်း ဝင်ခဲ့သည်။ အဆိုပါကာလ များအတွင်း ဒေသတွင်း ဘောလုံးပြိုင်ပွဲများ ဖြစ်သည့် မာဒေးကား ချန်ပီယံသုံးကြိမ်၊ ပတ်ချုံဟီး ဖလားချန်ပီယံသုံးကြိမ်၊ ဂျကာတာဖလား ချန်ပီယံ လေးကြိမ်၊ မာရာဟာလင်ဖလားချန်ပီယံ သုံးကြိမ် နှင့် အာရှလူငယ် ချန်ပီယံရှစ်ကြိမ်အထိ ဆွတ်ခူး ရရှိခဲ့သည့် မှတ်တမ်းများအရ အဆိုပါကာလများ တွင် မြန်မာ့အားကစား ရွှေရောင်လွှမ်းခဲ့သည့် ကာလများ၏ အောင်မြင်မှု တစ်စိတ်တစ်ဒေသကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်**
**အထောက်အကူပြုနေသည့်အားကစား**

အားကစားအောင်မြင်မှုသည် နိုင်ငံအတွက် ပုံရိပ်ကောင်းတစ်ခုနှင့် နိုင်ငံ့ဂုဏ်မြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုလျက် ရှိပါသည်။ အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည်နှင့် စိတ်ဝင် စားစရာနေရာ (အကျိုးစီးပွား)များကို ပြသနေပါ သည်။ ထို့ပြင် နိုင်ငံ၏ ထူးချွန်ထက်မြက်မှုနှင့် ထိုထူးချွန်ထက်မြက်မှုများကြောင့် ပေါ်ထွက်လာ သည့် ပုံရိပ်ကောင်းများကို ကမ္ဘာတစ်လွှားသို့ ဖြန့်ကြက်ပျံ့နှံ့ သိရှိစေပါသည်။

ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်း အားကစားမှ များစွာ အထောက်အကူပြုနေပါ သည်။ အားကစားလှုပ်ရှားမှုကိုယ်တိုင်က စီးပွားရေး တစ်ရပ်လည်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်း များကိုလည်း ဖန်တီးပေးလျက် ရှိနေပြန်ပါသည်။ ဆိုလိုသည်မှာ အားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ အားကစားပစ္စည်း ကိရိယာနှင့် အားကစားဝတ်စုံများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နည်းပြလုပ်ငန်းများ၊ သရုပ်ပြဆရာများ၊ အားကစား ကင်းထောက်နှင့် ကိုယ်စားလှယ် အေးဂျင့်များ၊ အားကစားပြိုင်ပွဲများကို တာဝန်ယူ ကျင်းပပေးသော အဖွဲ့အစည်းလုပ်ငန်းများ၊ အားကစားအသိုက်အဝန်း တစ်ခုလုံးကို လွှမ်းခြုံချိတ်ဆက်နိုင်သည့် ဆက်သွယ် ရေးလုပ်ငန်းများနှင့် (Sport Marketing) အားကစား ဈေးကွက်ရှာဖွေရေးလုပ်ငန်းများသည် အားကစား ကိုအခြေခံပြီး ပေါ်ထွန်းလာသည့် လုပ်ငန်းများပင် ဖြစ်ပါသည်။

အလားတူ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကလည်း အိမ်ရှင် နိုင်ငံ၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိစေပါသည်။ နိုင်ငံတကာအားကစား ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် အားကစားနည်းအလိုက် အခြေခံ အဆောက်အအုံများ၊ အုပ်ချုပ်ရေး/ စီမံခန့်ခွဲရေး ဆိုင်ရာ အပေါ်ထပ်အဆောက်အအုံများ အပါအဝင် စားသောက်ဆိုင်နှင့် နေရာထိုင်ခင်းများ၊ အစား အသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်း များ၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၊ အမှတ်တရနှင့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်း အရောင်းဆိုင်များနှင့် ယာယီ လုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေး လုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်း များ၊ လက်မှတ်ရောင်းချခြင်းနှင့် ခရီးသွားဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက် အကူပြုလျက်ရှိပါသည်။

သို့ဖြစ်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများ အပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက် အကူပြုလျက် ရှိပါသည်။ အားကစားလုပ်ငန်းများနှင့် အားကစားပြိုင်ပွဲများသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအား အထောက်အကူပြုနေသည့် အတွက် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းက မိမိတို့ နိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်း ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

**အားကစားလှုပ်ရှားဆောင်ရွက်မှုများသည်**
**ကျန်းမာရေးကို အထောက်အကူပြုသည့်**
**အကြောင်းအရာများ**

ပြည်သူတစ်ဦးချင်းအနေဖြင့် မိမိ၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုး သယ်ပိုးစွမ်းဆောင်နိုင်ရန်အတွက် မိမိကိုယ်တိုင် ကျန်းမာသန်စွမ်းနေမှသာ အများအကျိုးကိုပါ ထမ်းရွက်နိုင်မည် ဖြစ်ပါသည်။ အားကစားလှုပ်ရှား ဆောင်ရွက်မှု (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုအရပ်ရပ်တွင် လမ်းလျှောက်ခြင်းသည် လူတစ်ဦးအတွက် အကောင်းဆုံးဆေးဖြစ်သည်ဟု အနောက်တိုင်းဆေးပညာရှင် ဂရိသမားတော် ဟစ်ပိုခရစ်က ဆိုပါသည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ် သွေးလည်ပတ် မှု အားကောင်းလာစေခြင်း၊ သွေးတိုးရောဂါ၊ နှလုံး ရောဂါ၊ ဆီးချိုရောဂါ ဖြစ်ပွားခြင်းများကို လျော့ကျ စေခြင်း၊ နှလုံးကို ကျန်းမာသန်စွမ်းစေခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကို လျော့ကျစေနိုင်ခြင်း၊ ခြေသလုံး၊ ပေါင်၊ တင်ပါး ကြွက်သားများ တောင့်တင်းလာစေပြီး ဝမ်းဗိုက်ကြွက်သားနှင့်ခါးကို အချိုးကျကျ လှပစေခြင်း၊ အူမကြီးကင်ဆာ၊ ရင်သား ကင်ဆာ၊ သားအိမ်ကင်ဆာ စသည့် ရောဂါဝေဒနာ ဖြစ်ပွားခြင်းများကို လျော့ချပေးခြင်း၊ အဆုတ်ကို အားကောင်းစေ၍ စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုတို့ကို လည်း သိသိသာသာ လျော့နည်းလာစေပြီး လန်းဆန်းတက်ကြွလာစေခြင်း၊ အရိုးအဆစ် ကျန်းမာစေခြင်း၊ သူငယ်ပြန်ရောဂါကို ကာကွယ် ပေးခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။

ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်မှု များစွာရှိသည့်အနက် အလွယ်ကူ အရိုးရှင်းဆုံးဖြစ် သည့် လမ်းလျှောက်ခြင်းကို နေ့စဉ်ပုံမှန် ဆောင်ရွက်မည်ဆိုလျှင်ပင် အကျိုးကျေးဇူးများစွာ ရရှိသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ် ၍ ပြည်သူအများပါဝင်သည့် လူထုလမ်းလျှောက်ပွဲ များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပ ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။ ဤသည်မှာ အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် ကျန်းမာ ရေးကို အထောက်အကူပြုနေသည့် အချက်များ အနက် တစ်စိတ်တစ်ဒေသ ဖြစ်ပါတော့သည်။

**လူထုအားကစားအောင်မြင်တိုးတက်ရေးအတွက်**
**ဆောင်ရွက်သင့်သည့် အကြံပြုတင်ပြချက်များ**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူ အများ အားကစားလှုပ်ရှား ဆောင်ရွက်မှုများကို ပင်ကိုကျန်းမာရေးအသိဖြင့် လိုက်ပါဆောင်ရွက် လာစေရေးအတွက် အောက်ပါအချက်များကို ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါ သည်–

(၁) ဒီဇင်ဘာလူထုအားကစားလ တစ်လတည်း လှုပ်ရှားဆောင်ရွက်နေရုံဖြင့် မလုံလောက်ဟု ယူဆမိပါသဖြင့် (မိုးတွင်းကာလမှအပ) တစ်နှစ်ပတ်လုံး လစဉ် လတစ်လ၏ ပထမပတ် စနေနေ့တိုင်းကို Physical Movement Day အဖြစ် သတ်မှတ်၍ လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်း ကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်စဉ်များနှင့် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အဆင့် မူဝါဒရရှိရေး တင်ပြဆောင်ရွက်သွား သင့်ပါသည်။

(၂) အားကစားကွင်း/ အားကစားရုံ ပရဝဏ် များ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များ၊ လူစည်ကားရာ နေရာများတွင် ပြည်သူအများ လွယ်လင့် တကူ လှုပ်ရှားဆောင်ရွက်နိုင်သည့် Outdoor Fitness ပစ္စည်းများကဲ့သို့ အားကစားပစ္စည်းကိရိယာများ တီထွင် ကြံဆ ထုတ်လုပ်တပ်ဆင်ပေးခြင်း၊

(၃) ရပ်ကွက်/ကျေးရွာအဆင့်မှစ၍ မြို့နယ် အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်/တိုင်း အဆင့်များတွင် အဆင့်နှင့် လျော်ညီသည့် အားကစားကွင်း/အားကစားရုံများ တိုးမြှင့် ဖော်ဆောင်ပေးခြင်း၊

(၄) အားကစားပြိုင်ပွဲမျိုးစုံကို နယ်ပယ်ဒေသ အစုံတွင် အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် တစ်နှစ်ပတ်လုံး ကျင်းပပေးခြင်းနှင့် (နွေ၊ မိုး၊ ဆောင်း) အခြေခံအားကစားသင်တန်း များ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်း၊

(၅) အမြို့မြို့ အနယ်နယ်ရှိ လူစည်ကားရာ နေရာများ၊ စာသင်ကျောင်းများနှင့် အားကစားကွင်း/ အားကစားရုံများ အနီး ပတ်ဝန်းကျင်တွင် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ ရေးသားထားသည့် ဆိုင်းဘုတ်များ စိုက်ထူပေးခြင်း၊

(၆) အားကစားအသိပညာဗဟုသုတ ပြန့်ပွား ရေးနှင့် စိတ်ပါဝင်စားလာစေရေးအတွက် ဟောပြောပွဲ၊ သရုပ်ပြပွဲများ ကျင်းပပြုလုပ် ပေးခြင်းအပြင် အားကစားဆိုင်ရာ စာအုပ် စာတမ်းများ ထုတ်ဝေဖြန့်ချိပေးခြင်း၊

(၇) လူအများ ပါဝင်လှုပ်ရှားကစားလာစေနိုင် ရေးအတွက် အခြေအနေနှင့် အခွင့်အရေး များ ဖန်တီးပေးခြင်း၊

**အမျိုးသားရေးအသိဖြင့်**
**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်း**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားမြှင့်တင်ရေးလုပ်ငန်းများသည် များပြားကျယ်ဝန်းလှသည့်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းဖြင့် အောင်မြင်အောင်ဆောင်ရွက်၍ မရနိုင်ဘဲ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ NGO အဖွဲ့အစည်း အသီးသီးနှင့် အားကစားဝါသနာရှင်များ၊ စေတနာ ရှင် အလှူရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက် သွားမှသာ အောင်မြင်မှုရရှိမည်ဟု ယုံကြည် မျှော်လင့်မိပါကြောင်း…။ ။


ကိုးကား–

- နေ့စဉ်ထုတ်သတင်းစာများမှ ဆောင်းပါး များ
- အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လစဉ်ထုတ်ဝေသည့် Sports Magazine နှင့်သတင်းလွှာများ
- အပတ်စဉ်ထုတ် အားကစားဂျာနယ်များ
- National Sports Seminar စာအုပ်
- Healthy Myanmar Seminar စာအုပ်
- Physical Education Today for an Active and Healthy Population Tomorrow Seminar စာအုပ်

# နဝမအကြိမ် ရန်အောင်မြင်သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲတွင် အောင်မြင်သော စာအောင်သာမဏေများအား စာအောင်လက်မှတ် ဆက်ကပ်ပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ပရိယတ္တိသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသော နဝမအကြိမ် ရန်အောင်မြင်သာသနာလင်္ကာရ အကျော် စာတော်ပြန်ပွဲတွင် အောင်မြင်သော စာအောင်သာမဏေများအား စာအောင်လက်မှတ် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်အောင်မြင်ဘုရားရှိ ဇမ္ဗူရာဇ်သိင်္ဂီဗိမာန်တော်၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ လယ်ဝေးမြို့ သံလမ်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇနအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဇမ္ဗူရာဇ်သိင်္ဂီဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့်ဆွမ်း ဆက်ကပ်ပူဇော်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး အမှူးပြုသော ဒေသပရိသတ်များက လယ်ဝေးမြို့ သံလမ်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လယ်ဝေးမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သရက်တောကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားပြီး ရန်အောင်မြင်သာသနာလင်္ကာရအသင်း ဥက္ကဋ္ဌ ဦးကြည်စိုးက ရန်အောင်မြင် ပရိယတ္တိသာသနာ့လင်္ကာရအသင်း စတင်တည်ထောင်ခြင်းနှင့် ဆောင်ရွက်ပြီးစီးခဲ့သော သာသနာလင်္ကာရစာမေးပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းလျှောက်ထား တင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တတိယအဆင့် လင်္ကာရဘွဲ့အောင် သာမဏေ သုံးပါးတို့အား စာအောင်လက်မှတ်များကို လည်းကောင်း၊ (ဝဲပုံ) နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၏ ဇနီး ဒေါ်မေမြင့်မောင်က တတိယအဆင့် လင်္ကာရဘွဲ့အောင် သီလရှင် သုံးပါးတို့အား စာအောင်လက်မှတ်များကို လည်းကောင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက တတိယအဆင့်၊ ဒုတိယအဆင့်၊ ပထမအဆင့် လင်္ကာရဘွဲ့အောင် သာမဏေများနှင့် သီလရှင်များအား စာအောင်လက်မှတ်များကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဇနီးတို့က ရန်အောင်မြင် ပရိယတ္တိသာသနာ လင်္ကာရအသင်းအတွက် အလှူငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သရက်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရထံမှ တက်ရောက်လာကြသူများက သာဓုအနုမောဒနာ တရားနာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နဝမအကြိမ် ရန်အောင်မြင် သာသနာ လင်္ကာရအကျော် စာတော်ပြန်ပွဲတွင် မြန်မာနိုင်ငံအနှံ့အပြားမှ စာဖြေသာမဏေနှင့် သီလရှင်စုစုပေါင်း အပါးတစ်ထောင်ကျော်တို့က ဇန်နဝါရီ ၂ ရက် မှ ၄ ရက်အထိ သုံးရက်ကြာ ဖြေဆိုခဲ့ကြပြီး ဖြေဆိုအောင်မြင်ခဲ့သည့် သာမဏေနှင့် သီလရှင်များအား စာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

---

❑ *ကျောဖုံးမှ*

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က ထိုးသတ်သည့်ပွဲတွင် ဂျပန်နိုင်ငံသား အိုကာမီ၊ ယခုနှစ် ဇန်နဝါရီ ၁၄ ရက်က ထိုးသတ်သည့်ပွဲတွင် ဘရာဇီးနိုင်ငံသား ဂယ်လ်ဗိုတို့ကို ပထမအချီမှာပင် အလဲထိုးအနိုင်ရထားသဖြင့် ချန်ပီယံခါးပတ် ပြန်လည်စိန်ခေါ်နိုင်မည့် အခွင့်အရေးကောင်း ပိုင်ဆိုင်လာခြင်းဖြစ်သည်။ ONE မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း အောင်လအန်ဆန်သည် ချန်ပီယံခါးပတ် နှစ်ခုလက်လွှတ်ရပြီးနောက်ပိုင်း မစ်ဒယ်ဝိတ်တန်း တစ်ခုတည်းသာ ထိုးသတ်နေသူဖြစ်ပြီး ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ရရန် ပြန်လည်ကြိုးစားလျက်ရှိသည်။ အောင်လအန်ဆန်သည် ချန်ပီယံခါးပတ်လက်လွှတ်ခဲ့ရပြီးနောက် ၂၀၂၂ ခုနှစ်တွင် ပထမအကြိမ် အခွင့်အရေးရခဲ့သော်လည်း အဆုံးအဖြတ်ပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရ်ှကို အရေးနိမ့်ခဲ့သဖြင့် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

သို့သော် အောင်လအန်ဆန်သည် ချန်ပီယံ ခါးပတ်ကို ပြန်လည်စိန်ခေါ်နိုင်ရန် ဒုတိယအကြိမ် ကြိုးပမ်းနေခြင်းဖြစ်သည်။ ထို့ကြောင့် ONE Championship က အခွင့်အရေးပေးပါက အောင်လအန်ဆန် အနေဖြင့် လာမည့်ပွဲတွင် ချန်ပီယံလုပွဲ ထိုးသတ်ခွင့်ရနိုင်သလို နောက်ထပ်စိန်ခေါ်ပွဲ တစ်ပွဲ သို့မဟုတ် နှစ်ပွဲထိုးသတ်ပြီးမှလည်း စိန်ခေါ်ခွင့် ရနိုင်ဖွယ်ရှိနေသည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ကာလအတန်ကြာရပ်တည်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက ထိုးသတ်သည့်ပွဲတွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ – ONE**

---

## မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၌ လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူ သင်တန်းများဖွင့်လှစ်လျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတွင် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးနေရာ ယနေ့အထိ ၂၈ ကြိမ်ရှိကာ သင်တန်းသား ၃၃၇၁ ဦးအား ပို့ချပေးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ တိုင်းဦးစီးမှူးထံမှ သိရသည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်ပေးခြင်းမှာ ပိုးသတ်ဆေးဥပဒေများနှင့် ပတ်သက်၍ သိရှိလိုက်နာ ကျင့်သုံးလာစေရန်၊ ပိုးသတ်ဆေးကို အမြဲကိုင်တွယ် သုံးစွဲနေကြသော တောင်သူများ၊ ပိုးသတ်ဆေး ရောင်းချသူများ၊ ပိုးသတ်ဆေး ကုမ္ပဏီများမှ ဝန်ထမ်းများ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုနိုင်ရန်နှင့် ပိုးသတ်ဆေးဥပဒေနှင့်အညီ ရောင်းချနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

“သင်တန်းမှာ ပိုးသတ်ဆေး၊ ရောဂါသတ်ဆေးနဲ့ ပေါင်းသတ်ဆေးတွေအကြောင်း၊ ဆေးဖျန်း ပုံအမျိုးအစားနဲ့ ပိုးသတ်ဆေးဖျန်း ပုံနည်းစနစ်တွေအကြောင်း၊ ပိုး သတ်ဆေး အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဓာတ်ကြွင်းအာနိသင်တွေနဲ့ စနစ်တကျ ပိုးသတ်ဆေးကိုင်တွယ်အသုံးပြု နည်းလမ်းတွေအကြောင်း၊ ဥပဒေတွေအကြောင်း ပို့ချပေးပါတယ်၊ ဒီလိုသင်တန်းတွေ ဖွင့်လှစ်ပေး လိုက်ခြင်းဖြင့် ပိုးသတ်ဆေးကို အမြဲကိုင်တွယ် သုံးစွဲနေကြတဲ့ တောင်သူတွေ၊ ပိုးသတ်ဆေး ရောင်းချသူတွေ၊ ပိုးသတ်ဆေး ကုမ္ပဏီကဝန်ထမ်းတွေပါ များစွာအကျိုးရှိပါတယ်။ သင်တန်းနဲ့ ပတ်သက်ပြီး လုပ်ငန်းရှင်တွေရဲ့ တောင်းဆိုမှုတွေပါရှိလာပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးမင်းက ပြောသည်။

**အောင်စေပိုင်စေ**

---

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၅**– ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

---

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဒါရိကာရပ်ကွက်နေ သူရ(ခ) မြတ်သူသည် ၎င်းအသုံးပြုသည့် “Thura (Myat Thu)” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် (၁၁)ရပ်ကွက်နေ ဥမ္မာစန်း(ခ) ဥမ္မာထက်သည် ၎င်းအသုံးပြုသည့် “Ohanmar San” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပသို့ သွားရောက်မည့်ခရီးသွားများအတွက် ခရီးသွားအာမခံအကြောင်း ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ ပူးပေါင်း၍ ပြည်ပသို့ သွားရောက်မည့် ခရီးသွားများအတွက် အကျိုးခံစားခွင့်ပေးသည့် ကိုဗစ်-၁၉ ရောဂါအကာအကွယ်အပါအဝင် ကိုယ်အင်္ဂါထိခိုက်မှုနှင့် ခရီးသွားအာမခံအကြောင်း ရှင်းလင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က လမ်းမတော်မြို့နယ်ရှိ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ၌ ကျင်းပရာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဝင် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ပသို့ သွားရောက်မည့် ခရီးသွားများအတွက် ကိုယ်အင်္ဂါထိခိုက်မှုနှင့် ကိုဗစ်-၁၉ ရောဂါအကာအကွယ်ပါရှိသည့် အာမခံစာချုပ်များ ရောင်းချပေးမည့်အစီအစဉ် ရှင်းလင်းပွဲပြုလုပ်ရခြင်းကို ပြောကြားပြီးနောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ၁၉၅၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာ့အာမခံလုပ်ငန်းအကြောင်းကို ပြောကြားသည်။ မြန်မာ့အာမခံလုပ်ငန်းတွင် အထွေထွေအာမခံနှင့် အသက်အာမခံအမျိုးအစား ၄၀ ကျော်ဖြင့် ကာကွယ်မှုရယူနိုင်ပြီး အာမခံငွေများကို သုံးရက်မှငါးရက်အတွင်း ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာ ယုံကြည်စိတ်ချစွာဖြင့် ဝန်ဆောင်မှုရယူနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည် ။

ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်း အရောင်းမြှင့်တင်ရေးဌာနမှ မန်နေဂျာ ဒေါ်ခိုင်ဆွေဦးနှင့် အသက်အာမခံဌာနမှ မန်နေဂျာဒေါ်တင်တင်ခိုင်တို့က အာမခံပေါ်လစီ စာချုပ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားရာတွင် အသက်တစ်နှစ်မှ ၇၅ နှစ်အတွင်းရှိသူများသည် ခရီးသွားအာမခံထားရှိပါက ပြည်ပတွင် ရောက်ရှိနေထိုင်စဉ် ကိုဗစ်ရောဂါပိုးကူးစက်ခံရခြင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ပေါ်ခြင်းတို့ ကြုံတွေ့ပါက အာမခံငွေအပြည့်ရရှိနိုင်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ မြန်မာနိုင်ငံတွင် လူဦးရေ နှစ်သန်းသာ အသက်အာမခံထားရှိကြောင်း သိရသည်။




ခရီးသွားအာမခံအကြောင်း အသေးစိတ် သိရှိလိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းဖုန်း ၀၉-၇၆၅၄၂၈၆၃၀၊ ၀၉-၇၆၅၄၂၈၆၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၅**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်း များအား MV. PACIFIC RAPIER (Call Sign: 9V5943) ဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရည်ညွှန်းပါစာဖြင့် ညှိနှိုင်း မေတ္တာရပ်ခံခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါနေ့ရက်တွင် လုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများအား ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 34' 36.300" N | 92° 35' 02.724 " E |
| B | 19° 35' 19.968" N | 92° 36' 45.000" E |
| C | 19° 40' 58.440" N | 92° 33' 44.208" E |
| D | 19° 40' 23.520" N | 92° 32' 19.572" E |
| E | 19° 40' 34.716 "N | 92° 32' 31.272" E |
| F | 19° 41' 56.760" N | 92° 33' 01.872" E |
| G | 19° 27' 39.420" N | 93° 29' 52.332" E |
| H | 19° 26' 21.300 "N | 93° 29' 23.712" E |

ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများအား MV.PACIFIC RAPIER (Call Sign: 9V5943) ဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ လေးကီလိုမီတာပတ်လည်အတွင်း ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ကျောက်တော် ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က ရတနာခန်းမဆောင်အတွင်း ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကျောင်းအုပ်ဆရာကြီး ဦးခင်အောင်သန်းက စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ကျောင်းစတင်ဖြစ်ပေါ်လာပုံနှင့် စိုက်ပျိုးရေးသိပ္ပံတွင် ပညာသင်ယူနေကြသော မောင်မယ်များအနေဖြင့် ကျောင်းသင်ခန်းစာများအား ပြီးမြောက်အောင်သင်ယူပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)တို့ ပူးပေါင်းပြုလုပ်သော လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**




## အာဆင်နယ်တို့ အဝေးကွင်း၌ စပါးကို အနိုင်ယူပြီး ဇယားထိပ်ဦးဆောင်

ပရီမီယာလိဂ် ပွဲစဉ် (၂၀)ကို ဇန်နဝါရီ ၁၅ ရက်က ယှဉ်ပြိုင်ကစားရာ လန်ဒန်ဒါဘီဖြစ်သည့် စပါးနှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်အသင်းက နှစ်ဂိုး- ဂိုးမရှိဖြင့် အဝေးကွင်းနိုင်ပွဲရရှိခဲ့သည်။ လန်ဒန်ဒါဘီပွဲဖြစ်သည်နှင့်အညီ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး အာဆင်နယ်အတွက် ဂိုးများကို ၁၄ မိနစ်တွင် စပါးဂိုးသမား ဟူဂိုလိုရစ်က ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ပြီး ၃၆ မိနစ်တွင် အိုဒီဂတ်က အာဆင်နယ်အတွက် ဒုတိယဂိုးကို သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင် ချယ်ဆီးက ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး နယူးကာဆယ်က ဖူလ်ဟမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**အောင်ဇော်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်း

*ကိုရွှေမန်း(မန္တလေး)*

### ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသိပ္ပံ (တွံတေး)ကျောင်းဖွင့်ပွဲနှင့် ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းဖွင့်ပွဲကို ၁၂-၁၂-၂၀၂၂ ရက်က ကျင်းပခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ယခုဖွင့်လှစ်သည့် ကျောင်းကြီးသည် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) အပ်နှင်းမည့် ပထမဆုံးသိပ္ပံကျောင်းဖြစ်ပြီး ပထမဆုံးစတင်ဖွင့်လှစ်သည့် ပထမနှစ် သင်တန်းလည်းဖြစ်သည်။ သုံးနှစ်သင်တန်းပြီးဆုံးပြီး ဒီပလိုမာအောင်လက်မှတ်ရရှိသူ၊ သတ်မှတ်အရည်အချင်းပြည့်မီသူများသည် ရန်ကုန်တက္ကသိုလ်၌ B.Sc (Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

### တည်နေရာအကျယ်အဝန်း

ရန်ကုန်မြို့မှ ၂၆ ဒသမ ၉၅၆ ကီလိုမီတာ အကွာအဝေး တွံတေး-မအူပင်ကားလမ်း တွံတေးခရိုင် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာနှင့် မြဂိုးကျေးရွာအကြားတွင် တည်ရှိပြီး ဧရိယာ ၉၂ ဒသမ ၈၄၆ ဧကကျယ်ဝန်းသည်။ ကျောင်းအတွက်လိုအပ်သော အဆောက်အအုံများ၊ သင်ထောက်ကူပစ္စည်းများအတွက် နိုင်ငံတော်က ကျပ် ၁၉၉၇ ဒသမ ၉၅၅ သန်းဖြင့် တည်ဆောက်ခဲ့ပြီး နှစ်အလိုက် လိုအပ်သော အဆောက်အအုံများကို ဆက်လက်တိုးချဲ့ တည်ဆောက်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လေးလက်မ အဝီစိတွင်းနှင့် အင်တာနက်တပ်ဆင်ရန် ပံ့ပိုးကူညီပေးခဲ့သည်။ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းသစ် တည်ဆောက်ဖွင့်လှစ်ရခြင်းတွင် ရည်ရွယ်ချက် ငါးချက်ရှိသည်။

(က) မြန်မာနိုင်ငံ၌ ငါး/ ပုစွန် မွေးမြူထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ကျွမ်းကျင်သော အလယ်အလတ်အဆင့် ငါး/ပုစွန် မွေးမြူရေးအတတ်ပညာရှင်များ မွေးထုတ်ပေးရန်။

( ခ ) ရေသတ္တဝါမွေးမြူရေး စိတ်ပါဝင်စားသော တက္ကသိုလ်ဝင်တန်းအောင်လူငယ်များအတွက် အဓိကဘာသာရပ်တစ်ခုအဖြစ် စာတွေ့လက်တွေ့ လေ့လာပညာသင်ကြားနိုင်သည့် အခွင့်အလမ်းရရှိလာနိုင်စေရန်နှင့် ပညာရပ်နှင့်ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်စေရန်။

( ဂ ) မြန်မာ့ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တောင်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းသစ်များရရှိဖော်ဆောင်နိုင်ရေး အစီအစဉ်များတွင် အထောက်အကူပြုပါဝင်ဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ရရှိလာနိုင်စေရန်။

(ဃ) ရေနေပတ်ဝန်းကျင်၊ ရေပြင်ရှိ သက်ရှိအပင်နှင့် သတ္တဝါများ၏ ဇီဝဗေဒနှင့် ဂေဟစနစ်၊ ရေသယံဇာတအရင်းအမြစ်နှင့် ၎င်းတို့၏ ထုတ်လုပ်ခြင်း၊ ရေနေသက်ရှိများ၏ ဓာတုဓာတ်များပါဝင်မှုနှင့် ၎င်းတို့ကို အသုံးပြုခြင်းဆိုင်ရာအခြေခံပညာရပ်များ နားလည်သိရှိစေရန်။

( င ) ရေငန်ငါးလုပ်ငန်း အထောက်အကူဖြစ်စေရန် ရေငန်ပတ်ဝန်းကျင်၊ ရေငန်သက်ရှိများ၏ ဇီဝ၊ ဓာတုပါဝင်မှုများနှင့် ရေငန်သယံဇာတထိန်းသိမ်းရေးပညာရပ်ကို လေ့လာသိရှိနိုင်ရန် ဖြစ်သည်။

ဤသို့ငါးလုပ်ငန်းသိပ္ပံကျောင်းသစ်ကြီးတစ်ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စွမ်းရည်ပြည့်ဝသော အလယ်အလတ်အဆင့် လူသားအရင်းအမြစ် မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးရန် ကြိုးပမ်းဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ ဤတွင် မြန်မာနိုင်ငံ၏ ရေသယံဇာတ အရင်းအမြစ်တည်ရှိမှု အခြေအနေများ၊ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ကောက်နုတ်တင်ပြလိုပါသည်။

**❏ ငါးလုပ်ငန်းသိပ္ပံ (တွံတေး)ကျောင်းကြီးသည် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) အပ်နှင်းမည့် ပထမဆုံးသိပ္ပံကျောင်းဖြစ်ပြီး ပထမဆုံးစတင်ဖွင့်လှစ်သည့် ပထမနှစ်သင်တန်းလည်းဖြစ်သည်။ သုံးနှစ်သင်တန်းပြီးဆုံးပြီး ဒီပလိုမာအောင်လက်မှတ်ရရှိသူ၊ သတ်မှတ်အရည်အချင်း ပြည့်မီသူများသည် ရန်ကုန်တက္ကသိုလ်၌ B.Sc (Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည် ဖြစ်သည်**

### နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ

မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းအရှည် ကီလိုမီတာ ၂၈၃၂ ရှိပြီး၊ သီးသန့်စီးပွားရေးဇုန် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ ကျယ်ဝန်းသော နိုင်ငံဖြစ်ပါသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မိုင် ၃၀ ပတ်လည် ပင်လယ်ပြင်ငါးဖမ်းကွက်ပေါင်း ၁၄၀ သတ်မှတ်ထားရှိပါသည်။ ကမ်းရိုးတန်းသယံဇာတများ ထုတ်ယူသုံးစွဲမှုလုပ်ငန်းများတွင် စီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီးများ၊ ပင်လယ်ကမ်းရိုးတန်းဒေသရှိ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များဖြင့် ဖွဲ့စည်းထားပါသည်။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကိုအထောက်အကူပြုနိုင်ရန် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဦးဆောင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များဖြင့် ဖွဲ့စည်းထားသည်။

### သုတေသနနှင့် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ

ဗဟိုကော်မတီ၏ အတည်ပြုဆုံးဖြတ်ချက်များ၊ လမ်းညွှန်ချက်များအရ Dr Fridtjof Nasen သုတေသနရေယာဉ်ဖြင့် ပင်လယ်ပြင်ငါးသယံဇာတတည်ရှိမှုနှင့် အဏ္ဏဝါဂေဟစနစ် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးသယံဇာတထိမ်းသိန်းရေး ပင်လယ်ပြင်ရေသယံဇာတ ပြန်လည်ဖြည့်တင်းရေးလုပ်ငန်းများအဖြစ် ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် (close season –close area ) များ သတ်မှတ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါ်များစေရန်အတွက် အမျိုးသားအဏ္ဏဝါထိန်းသိမ်းရေး ဧရိယာများ တည်ထောင်ခြင်း၊ ငါးသယံဇာ တကာကွယ်ထိန်းသိမ်းရေးဇုန်များ သတ်မှတ်ခြင်း၊ ရေလုပ်သားများနှင့် ပူးပေါင်း၍ ငါးလုပ်ငန်းပူးတွဲစီမံခန့်ခွဲရေး ရေပြင်များသတ်မှတ်၍ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နော်ဝေနိုင်ငံ၌ ကျင်းပပြုလုပ်သည့် Bilateral meeting for fish development and high level conference “Our Ocean conference–2019” တွင် တက်ရောက်ပြီး ကမ်းဝေးရေပြင်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးဇုန်များ သတ်မှတ်ပြီး ငါးသယံဇာတပြန်လည်တိုးပွားလာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကတိကဝတ်ပြုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

Dr Fridtjof Nasen သုတေသနရေယာဉ်ဖြင့် ပြည်တွင်းပညာရှင်များ နော်ဝေနိုင်ငံမှ ပညာရှင်များဖြင့် ပင်လယ်ပြင်ငါးသယံဇာတများကို တိုင်းတာခဲ့ရာ ၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် ပျမ်းမျှရေပေါ်လွှာ ငါးထုထည်ပမာဏ ခန့်မှန်းတွက်ချက်မှုမှာ တန်ချိန်တစ်သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၅-၂၀၁၈ ခုနှစ်တွင် တန်ချိန် ၁၆၀၀၀၀ ခန့်သာ တိုင်းတာရရှိသည့်အတွက် ၈၀ ရာခိုင်နှုန်းခန့်အထိလျော့သွားပြီး ရေအောက်ငါးတွင်လည်း ၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် တန်ချိန် ၇၅၀၀၀၀ မှ ၂၀၁၃-၂၀၁၅-၂၀၁၈ တွင် တန်ချိန် ၃၁၀၀၀၀ သာ တိုင်းတာရရှိသည့်အတွက် ၆၀ ရာခိုင်နှုန်းခန့်အထိ လျော့ကျသွားကြောင်း တွေ့ရသည်။ *စာမျက်နှာ ၂၅ သို့*






ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ကျောင်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်ဥပဒေရုံး ၁၄ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး ဥပဒေအရာရှိ၊ ဒုတိယ တိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျောက်တံတား မြို့နယ် ပန်းဆိုးတန်းလမ်းရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ဇန်နဝါရီ ၁၄ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဥပဒေချုပ်က ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင်ဥပဒေရုံး ၁၄ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာစီမံကိန်း ၂၀၂၀-၂၀၂၄ ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်များပေးရာတွင် ဥပဒေနှင့်အညီ ကြန့်ကြာမှုမရှိစေရေး၊ တရားရုံးအသီးသီးတွင် ကြားနာစစ်ဆေးဆဲအမှုများ မြန်ဆန်စွာပြီးပြတ်စေရေး ဆောင်ရွက်စေလိုကြောင်း၊ ဥပဒေအရာရှိများ အဂတိလိုက်စားမှုကင်းရှင်းစွာ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေလိုကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူထားသော အမှုများနှင့်စပ်လျဉ်း၍ အထူးဂရုပြုလိုက်နာဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးမောင်မောင်တာက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယ တိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ခရိုင် ၁၄ ခရိုင်မှ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ တိုင်းဒေသကြီးဥပဒေချုပ်က ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**အာကာစိုး(ပြန်/ဆက်)**



*စာမျက်နှာ ၂၄ မှ*

အဏ္ဏဝါရေပြင်ဂေဟစနစ်နှင့် ငါးသယံဇာတတည်ရှိမှုအခြေအနေများ၏ သုတေသနရလဒ်များအရ အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များတွင် စီးပွားရေးအရအရေးပါသော ငါးမျိုးစိတ်အမြောက်အမြား သိသိသာသာ ကျဆင်းသွားကြောင်းနှင့် တန်ဖိုးနည်းသော ငါးမျိုးစိတ်များ သိသိသာသာတိုးပွားလာကြောင်း၊ ရေပေါ်ရေအောက် ငါးထုထည်ပမာဏမှာ သိသိသာသာ ကျဆင်းသွားပြီး စီးပွားရေးအရ ရေအောက်ကြမ်းပြင်နေ ငါးထုထည်ပမာဏ လျော့နည်းသွားကြောင်း၊ ဤသို့ သယံဇာတလျော့နည်းကျဆင်းရခြင်းမှာ ငါးအလွန်အကျွံဖမ်းဆီးခြင်းကြောင့်ဖြစ်ပြီး ငါးအလွန်အကျွံဖမ်းဆီးခြင်း လျော့နည်းပပျောက်လာစေရန် ကောင်းမွန်သော စီမံခန့်ခွဲမှုတစ်ရပ် မြန်မာနိုင်ငံအတွက် အထူးလိုအပ်ပါကြောင်း၊ ငါးအလွန်အကျွံ ဖမ်းဆီးခြင်း လျော့နည်းပပျောက်လာစေရန် သင့်လျော်သော စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်အတွက် working group (လုပ်ငန်းအဖွဲ့) ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ငါးသယံဇာတ ရေရှည်တည်တံ့စေရန်နှင့် တရားမဝင်ငါးဖမ်းဆီးခြင်းများ လျော့နည်းပပျောက်စေရန် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မိတ်ဖက်ဦးစီးဌာနများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း စသည်တို့ ပါဝင်သည်။

သို့ဖြစ်ရာ တရားမဝင်ငါးဖမ်းဆီးမှုကာကွယ်ရေးအတွက် ကမ်းဝေး ငါးဖမ်းရေယာဉ်များတွင် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး Vessel Monitoring System (VMS) ကိရိယာတပ်ဆင်ခြင်း၊ စောင့်ကြည့်ထိန်းချုပ်စစ်ဆေးခြင်း၊ FAO က ထုတ်ပြန်ထားသည့် ဆိပ်ကမ်းနိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် သဘောတူညီချက်များကို လိုက်နာခြင်း၊ တရားမဝင်ဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းများ ကုန်သွယ်ရေးလမ်းကြောင်းအတွင်း ဝင်ရောက်ခြင်း မရှိစေရေးအတွက် ပြည်ပသို့တင်ပို့သည့် ရေထွက်ကုန်ပစ္စည်းကို EU Catch Certificate ထုတ်ပေးခြင်း၊ အာဆီယံနိုင်ငံများတွင် တရားမဝင် ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးစီမံချက်အရ တရားမဝင်ဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းများ မဖြစ်စေရေးအတွက် ASEAN Catch Documentation System တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ပူးပေါင်းပါဝင်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဆောင်ရွက်လျက်ရှိသော အာဆီယံဒေသတွင်း တရားမဝင်ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးကွန်ရက်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး နိုင်ငံတကာ တရားမဝင်ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးလုပ်ငန်းစီမံချက်နှင့် ဒေသတွင်း တရားမဝင်ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးလုပ်ငန်းစီမံချက်ပါ လိုက်နာဖော်ဆောင်ရမည့်အချက်များကို အခြေခံ၍ မြန်မာနိုင်ငံအမျိုးသားအဆင့် တရားမဝင် ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ ဘေးမဲ့ရေိယာများ၊ ကာကွယ်ထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ခြင်း၊ ငါးမျိုးစိုက်ထည့်ပေးခြင်းများ၊ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီခြင်းများနှင့် အင်းအိုင်များ ထိန်းသိမ်းကာကွယ်ရေးအပိုင်းတွင်လည်း အင်းအရည်အသွေးကောင်းမွန်ရေးတို့အတွက် နှစ်ရှည်ကြေးတိုင်ချထားခြင်း၊ သုတေသနအင်းများတည်ထောင်ခြင်း၊ ဆည်တာတမံများတွင် ငါးအဆင်းအတက်လမ်းများ ဆောက်လုပ်ပေးနိုင်ရေးဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနများ ငါးလုပ်ငန်းသင်တန်းကျောင်းများတွင်လည်း ဒေသခံ ငါးမွေးတောင်သူများ၊ ကျေးလက်နေပြည်သူများအား အခြေခံ ငါးမွေးမြူရေးနှင့် ဆေးထိုးသားပေါက်သင်တန်းများကို စာတွေ့ လက်တွေ့ သင်ကြားပေးလျက်ရှိနေသည့်အပြင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတကာဈေးကွက် ရရှိရေးတို့အတွက် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices – GAqP) သင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။

### မွေးမြူရေးလုပ်ငန်းများကို စိတ်အားထက်သန်လာကြ

မြန်မာနိုင်ငံ၌ ငါးမွေးမြူရေးဧက ၂၅၂၄၁၅ ဒသမ ၄၃၇၊ ပုစွန်မွေးမြူရေးဧက ၂၄၄၂၈၆ ဒသမ ၃၉ နှင့် ကဏန်းမွေးမြူရေးဧက ၂၂၃၃ ဒသမ ၉၄ ရှိပြီး မွေးမြူရေးငါး/ ပုစွန်ထုတ်လုပ်မှုမှာ တန်ချိန်ထောင်ပေါင်း ၁၁၆၇ ဒသမ ၃၅ ဖြစ်ရာ ငါး/ပုစွန်ထုတ်လုပ်မှု စုစုပေါင်း တန်ချိန်ထောင်ပေါင်း ၆၀၇၄ ဒသမ ၈၂ ထုတ်လုပ်မှု၏ ၁၉ ရာခိုင်နှုန်းခန့် ပါဝင်နေကြောင်း တွေ့ရသည်။ သို့ရာတွင် အဆိုပါထုတ်လုပ်မှုမှာ ငါး/ ပုစွန်၊ ကဏန်း မွေးမြူရေး စုစုပေါင်းဧက ၄၉၈၉၃၆ တို့မှ ထုတ်လုပ်ခြင်းဖြစ်ရာ မွေးမြူရေလုပ်ငန်းများတွင် အဆင့်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း တွေ့ရသည်။ ထို့ပြင် ကမ်းရိုးတန်းဒေသများတွင် ရေငန်ပုစွန်မွေးမြူရေး၊ ကဏန်းပျော့မွေးမြူရေး၊ ရေငန်ငါးမွေးမြူရေး၊ ရေမှော်မွေးမြူရေး၊ ဂျင်းခရု ကမာမွေးမြူရေးလုပ်ငန်းများနှင့် ကုန်းတွင်းပိုင်းဒေသများတွင် ငါး/ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည့် သဘာဝအခြေအနေကောင်းများရှိနေပြီး ယင်းအခြေအနေကောင်းများကို အမိအရအသုံးချသွားနိုင်ရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ လက်တွေ့အခြေအနေများတွင်လည်း သဘာဝရေပြင်များမှ သယံဇာတလျော့နည်းသွားခြင်းကြောင့် ဖမ်းဆီးထုတ်လုပ်မှုထက်ပိုမိုသေချာသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်အားထက်သန်လာကြသည့် ငါးဖမ်းလုပ်ငန်းရှင်ကြီးများက လက်တွေ့မွေးမြူလျက်ရှိနေကြပြီဖြစ်သည်။ အအေးခန်းစက်ရုံလုပ်ငန်းရှင်များအနေဖြင့်လည်း စက်ရုံများဆက်လက် ရှင်သန်လည်ပတ်နိုင်ရေးအတွက်၊ မွေးမြူရေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ဤသို့မွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရန် များစွာလိုအပ်လျက်ရှိရာ နိုင်ငံတော်အစိုးရအဆက်ဆက်သည် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ရပ်တည်ထောင် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြကြောင်း တွေ့ရသည်။

### ငါးလုပ်ငန်းသိပ္ပံကျောင်း(တွံတေး) ကို ထပ်မံဖွင့်လှစ်

လျော့နည်းကျဆင်းလာသည့် မြန်မာ့ရေသယံဇာတများကို ပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဖမ်းဆီးထုတ်လုပ်မှုများကို လျှော့ချပြီး မွေးမြူရေးကဏ္ဍမှ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် မွေးမြူရေးပညာရှင်များမွေးထုတ်နိုင်ရန် မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် စတင်ကြိုးပမ်းခဲ့ကြကြောင်းတွေ့ရှိရပါသည်။ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် ရန်ကုန်တက္ကသိုလ်၌ B.Sc ( Fisheries and Aquaculture ) ဘာသာရပ်ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ရန်ကုန်တက္ကသိုလ် B.Sc(Fisheries and Aquaculture)သို့ ပေါင်းကူးနိုင်မည့် ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် သင်တန်းသားခေါ်ယူခြင်းကို နိုင်ငံပိုင်သတင်းစာများမှ ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာခေါ်ယူခဲ့ပါသည်။ သင်တန်းသားအရည်အချင်း သတ်မှတ်ချက်အရ လျှောက်လွှာပိတ်ရက်ဖြစ်သော ၂၁-၁၁-၂၀၂၂ ရက်တွင် အသက် ၂၂ နှစ်ထက် မကြီးသူ၊ တက္ကသိုလ်ဝင် စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူ မြန်မာနိုင်ငံသားများ လျှောက်ထားနိုင်သည်။ သင်တန်းတက်ရောက်ခွင့်ရသူသည် သုံးနှစ်သင်တန်း တက်ရောက် အောင်မြင်ပါက ငါးလုပ်ငန်းနှင့် ရေသတ္တဝါ မွေးမြူရေးဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) ရရှိမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများသည် ရန်ကုန်တက္ကသိုလ်၌ B.Sc (Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

### အားထားရမည့် သင်တန်းကျောင်းကြီး

ယခုဖွင့်လှစ်သည့် ပထမနှစ်သင်တန်းသို့ သင်တန်းသား ၂၀ နှင့် သင်တန်းသူ ၂၄ ဦးတို့သည် အဆောင်နေကျောင်းအိပ်ကျောင်းစား သင်တန်းသားများအဖြစ် တက်ရောက်ပညာသင်ကြားလျက်ရှိပြီး နိုင်ငံတော်အစိုးရက သင်တန်းသားများသို့ ပညာသင်စရိတ်အဖြစ် လစဉ်ကျပ်သုံးသောင်း ထောက်ပံ့လျက်ရှိသည်။ ပထမနှစ်မှ တတိယနှစ်အထိ သင်တန်းများတွင် သင်ကြားမည့်ဘာသာရပ်မှာ ငါးမျိုးအမည်သရုပ်ခွဲခြင်း၊ ငါးအစာအာဟာရ ငါးအစာနှင့်အစာကျွေးခြင်း၊ မျိုးပွားခြင်းဆိုင်ရာဇီဝဗေဒ၊ ရေချိုငါးသယံဇာတနှင့် ဂေဟစနစ်၊ ငါးလုပ်ငန်းဆိုင်ရာဇီဝဗေဒ၊ ငါးသားဖောက်ရုံစီမံခန့်ခွဲမှုနှင့် အသုံးချနည်းပညာ၊ ငါးမွေးကန်စီမံခန့်ခွဲမှုနှင့် အသုံးချနည်းပညာ၊ ရေသတ္တဝါမွေးမြူရေး အင်ဂျင်နီယာပညာ၊ ဇီဝကမ္မဗေဒ၊ ငါးမျိုးရိုးဗီဇဆိုင်ရာ၊ ငါးလုပ်ငန်းဆိုင်ရာစီးပွားရေးပညာ၊ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတဂေဟဗေဒ၊ ရေသတ္တဝါရောဂါဗေဒ စသည့်ဘာသာရပ်များနှင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာဘာသာရပ်များဖြစ်ပြီး နှစ်အလိုက် စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုဖွင့်လှစ်နိုင်ခဲ့သည့်ကျောင်းကြီးသည် လူငယ်များအတွက် ဘာသာရပ်နှင့် သက်ဆိုင်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက်သာမကဘဲ အနာဂတ်တွင် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျှော်လင့်အားထားရမည့်သင်တန်းကျောင်းကြီး ဖြစ်ပါသည်။ လက်ရှိတက်ရောက် ပညာသင်ယူနေကြသည့် ကျောင်းသားလူငယ်များနှင့် နောင်အဆက်ဆက်သော ကျောင်းသားလူငယ်များသည် မြန်မာနိုင်ငံ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားထားရသော ပညာရှင်များ ဖြစ်ကြပါစေကြောင်းနှင့် ငါးလုပ်ငန်းသိပ္ပံကျောင်းကြီးသည်လည်း နိုင်ငံတော်အတွက် အားထားရမည့် ပညာရှင်များမွေးထုတ်ပေးရာ တက္ကသိုလ်ကြီးတစ်ရပ်ဖြစ်သည်အထိ ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်တောင်းလျက် ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

# စားသုံးကုန်သွယ် အကျိုးကြွယ်ဖို့ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ တိုးမြှင့်စို့

*အိအိချော (စားသုံးသူရေးရာဦးစီးဌာန)*

**“စံချိန်စံညွှန်းသတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေအရ အမျိုးသားစံချိန်စံညွှန်းကောင်စီ၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီနှင့် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါသည်”**




ကမ္ဘာ့လူသားတိုင်း၏ ဘဝရပ်တည်မှုတွင် အဓိကလိုအပ်ချက်သုံးရပ်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးတို့အတွက် အသုံးပြုရသော အရာဝတ္ထုပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးသည် သုံးစွဲသူ သို့မဟုတ် စားသုံးသူများကို စိတ်ကျေနပ်မှုပေးနိုင်ရမည်။ အရည်အသွေးမီ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်းသည်ပင် အသက်ရှည်ကျန်းမာစေသော အကြောင်းတစ်ရပ်ဖြစ်ပေသည်။

အရည်အသွေးဆိုသည်မှာ “ထုတ်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် စားသုံးသူ သို့မဟုတ် သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ၎င်းတို့၏ကြွန်အင်လက္ခဏာစု” ဖြစ်သည်ဟူ၍တစ်မျိုး၊ အခြားအဓိပ္ပာယ်သတ်မှတ်ချက်အနေဖြင့် “စားသုံးသူများ၏မျှော်မှန်းချက်အပြင် သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ပါ ကိုက်ညီမှုရှိပြီး နိုင်ငံတော်က အခါအားလျော်စွာ ပြဋ္ဌာန်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့်ပါ အကျုံးဝင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ ကြွန်အင်လက္ခဏာစု” ဟူ၍လည်းတစ်ဖုံ မှတ်သားခဲ့ဖူးပါသည်။

**အရည်အသွေးစီမံခန့်ခွဲမှု**

အထက်ပါ အဓိပ္ပာယ်သတ်မှတ်ချက်များအရ ထုတ်ကုန်တိုင်း၊ ဝန်ဆောင်မှုတိုင်းသည် အရည်အသွေးဟူသော ဝေါဟာရနှင့်ကင်းကွာ၍ မရနိုင်ပေ။ ထို့ပြင်စားသုံးသူ၏ သဘာဝအရလည်း ငွေကြေးတတ်နိုင်လျှင်တတ်နိုင်သလောက် အရည်အသွေးမြင့်သည့်အရာများကိုသာ တိုးမြှင့်သုံးစွဲလိုကြသည်ဖြစ်ရာ လုပ်ငန်းရှင်တိုင်းသည် ထိုအချက်ကို အလေးထားပြီး မိမိတို့၏ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများကို အရည်အသွေးစီမံခန့်ခွဲမှုပြုလုပ်ကြရမည်ဖြစ်ပါသည်။

အရည်အသွေးစီမံခန့်ခွဲမှု ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ မိမိတို့၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအားအသုံးပြု၍ စိတ်ကျေနပ်မှုကို မြှင့်တင်ရန်နှင့် လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှု သေချာစေရန်တို့ဖြစ်ပါသည်။ ထို့ကြောင့် အရည်အသွေးစီမံခန့်ခွဲမှုလုပ်ငန်း၏ အစိတ်အပိုင်းလေးခုဖြစ်သည့် အရည်အသွေးပိုင်းဆိုင်ရာအစီအစဉ်ရေးဆွဲခြင်း (Quality Planning)၊ အရည်အသွေးထိန်းသိမ်းခြင်း (Quality Control)၊ အရည်အသွေးဆိုင်ရာအာမခံချက်ပေးခြင်း (Quality Assurance)နှင့် အရည်အသွေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် တိုးတက်မှုရရှိစေရေးဆောင်ရွက်ခြင်း(Quality Improvement) တို့ကို အချိတ်အဆက်မိမိဆောင်ရွက်ရန် လိုအပ်လှပါသည်။

အထက်ပါအတိုင်း အရည်အသွေးစီမံခန့်ခွဲမှု ဆောင်ရွက်ခြင်းကို စနစ်တကျပြုလုပ်ထားပြီးသော လုပ်ငန်းရှင်များသည် မိမိတို့၏ထုတ်ကုန်အပေါ် အရည်အသွေးပိုင်းအရ ယုံကြည်မှုရှိနေမည်ဖြစ်သော်လည်း မိမိတို့ထုတ်ကုန်၏ အရည်အသွေးကို မိမိတို့ကိုယ်တိုင်ထောက်ခံပြောဆိုရုံဖြင့် ဈေးကွက်တင်ပို့၍ မရနိုင်ပေ။ ဈေးကွက်သို့တင်ပို့သည့်အခါ မိမိတင်ပို့လိုသည့်ဈေးကွက် သို့မဟုတ် နိုင်ငံ၏အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရန်ကလည်း အရေးကြီးလှပေသည်။ နိုင်ငံတကာ၏ သတ်မှတ်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါကြောင်းကို သက်သေပြပေးနိုင်သည့် စမ်းသပ်စစ်ဆေးမှုများ၊ ထောက်ခံချက်များလိုအပ်လာမည်ဖြစ်ပါသည်။ ထိုအခါ အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်(Quality Management Sector) တစ်ခုလုံး ပါဝင်လာရမည်ဖြစ်ပါသည်။

**အရည်အသွေး စီမံခန့်ခွဲမှုနယ်ပယ်တွင် ပါဝင်သော အကြောင်းအရာများ**

ကုန်သွယ်မှုနှင့် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်တွင် အဓိကပါဝင်သောအကြောင်းအရာများမှာ “အမျိုးသားအရည်အသွေးဆိုင်ရာ အဆောက်အအုံ” (National Quality Infrastructure) တွင် အဓိကကျသော–

- (က) စံချိန်စံညွှန်းသတ်မှတ်ခြင်း (Standardiza-tion)
- ( ခ ) တိကျစွာတိုင်းတာခြင်း (Metrology)
- ( ဂ ) အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း (Conformity Assessment)
- (ဃ) အသိအမှတ်ပြုခြင်း (Accreditation)
- ( င ) အရည်အသွေးထောက်ခံချက်ပြုရေးအဖွဲ့ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း (Certification)တို့ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စံချိန်စံညွှန်းသတ်မှတ်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေအရ အမျိုးသားစံချိန်စံညွှန်းကောင်စီ၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီနှင့် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါသည်။ နည်းပညာဆပ်ကော်မတီပေါင်း ၂၅ ခုရှိသည့်အနက် စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ စံချိန်စံညွှန်းများတွင် ဆန္ဒအလျောက်လိုက်နာနိုင်သော စံချိန်စံညွှန်းများ (Voluntary Standards)နှင့် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများ (Mandatory Standards) ဟူ၍ရှိပြီး အမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာစံချိန်စံညွှန်းများကို ဆန္ဒအလျောက်လိုက်နာနိုင်သော စံချိန်စံညွှန်းများအဖြစ် ချမှတ်လျက်ရှိရာ မြန်မာစံချိန်စံညွှန်း ၇၅၆ ခုအား ဦးစားပေးကဏ္ဍအလိုက် အတည်ပြုချမှတ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ စံချိန်စံညွှန်းများအနက် မိမိတို့နိုင်ငံတွင် မဖြစ်မနေလိုက်နာရန် လိုအပ်သောစံချိန်စံညွှန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများအဖြစ် နည်းပညာဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက် (Technical Regulation) များ ချမှတ်ရမည်ဖြစ်ပါသည်။

အမှန်စင်စစ် စံချိန်စံညွှန်းဆိုသည်ကား နယ်ပယ်တစ်ခုတွင်ရှိသော သက်ဆိုင်ရာကဏ္ဍတစ်ခု၌ အနိမ့်ဆုံးသတ်မှတ်ချက်ကို ပြည့်မီစေရန်ရည်ရွယ်၍ သတ်မှတ်ထားသည်ဖြစ်ရာ ယင်းသတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်သင့်ပေသည်။ ထိုသို့ဖြည့်ဆည်းဆောင်ရွက်ထားခြင်းဖြင့် မိမိတို့၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် တတိယအဖွဲ့အစည်းအဖြစ် စစ်ဆေးသူ (Third Party) များ၏ အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းလုပ်ငန်းစဉ်များဖြစ်သော အရည်အသွေးပိုင်းဆိုင်ရာစုံစမ်းစစ်ဆေးခြင်း (Inspection)၊ စမ်းသပ်စစ်ဆေးခြင်း (Testing) နှင့် စံဖြင့်တိုက်ဆိုင်စစ်ဆေးခြင်း (Calibration) တို့ကို အောင်မြင်စွာဖြတ်ကျော်နိုင်ပြီး ၎င်းတို့ပေးအပ်သော အရည်အသွေးကိုက်ညီကြောင်း သက်သေခံလက်မှတ် (Certificate)ကို ရရှိနိုင်မည်ဖြစ်ပါသည်။

အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းလုပ်ငန်းတွင်ပါဝင်သော စမ်းသပ်စစ်ဆေးခြင်း (Testing) ကို ဓာတ်ခွဲခန်းများက ဆောင်ရွက်ပေးလေ့ရှိပါသည်။ အဆိုပါစမ်းသပ်စစ်ဆေးသည့် ဓာတ်ခွဲခန်းများအနေဖြင့်လည်း မိမိတို့ဝန်ဆောင်မှုပြုရသော လုပ်ငန်းများအပေါ်တွင် လူအများလက်ခံယုံကြည်မှုရှိစေရန်နှင့် မိမိတို့၏ ရလဒ်ကို ပြည်ပနိုင်ငံရှိ ဓာတ်ခွဲခန်းများကပါ လက်ခံမှုရှိစေရန်ရည်ရွယ်၍ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ဥပမာ –ISO/IEC 17025: 2017) ကို ရယူထားရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံရှိဓာတ်ခွဲခန်းများသည် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် (Accreditation on ISO/IEC 17025: 2017) ရရှိထားခြင်းဖြင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ထုတ်ကုန်များကို အချိန်နှင့်ငွေကြေးသက်သာစွာဖြင့် စမ်းသပ်စစ်ဆေးပေးနိုင်မည်ဖြစ်သကဲ့သို့ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများတွင်ပါ အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

**ကုန်သွယ်မှု ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးခြင်း**

ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများကဲ့သို့ပင် ပို့ကုန်တိုးတက်ရေးအတွက် ဈေးကွက်ဝေစုပိုမိုရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀–၂၀၂၅ ကို ကဏ္ဍ ၁၈ ခုဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုမဟာဗျူဟာတွင် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍသည် ကုန်သွယ်မှုအထောက်အကူပြုကဏ္ဍများ၌ တစ်ခုအပါအဝင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အရည်အသွေးစီမံခန့်ခွဲမှု နယ်ပယ်ကို အားကောင်းလာစေရန် ဆောင်ရွက်ခြင်းသည် ကုန်သွယ်မှု ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးခြင်းလည်းမည်ပေသည်။

ကုန်သွယ်မှုကဏ္ဍတွင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော အခွန်အခမဟုတ်သည့် အတားအဆီးများ (Non–Tariff Barriers or Non–Tariff Measures) အနက် တစ်ခုမှာ နည်းပညာဆိုင်ရာအတားအဆီး (Technical Barrier) ပင်ဖြစ်ပါသည်။ ၎င်းမှာထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး(Food Safety)၊ တိရစ္ဆာန်နှင့် အပင်များတွင် ကူးစက်ရောဂါကင်းစင်ရေး (Sanitary and Phyto Sanitary) တို့သာမက မဖြစ်မနေလိုက်နာရန်သတ်မှတ်ထားသော နည်းပညာဆိုင်ရာနှင့် ဆန္ဒအလျောက်လိုက်နာနိုင်သော စံချိန်စံညွှန်းများလည်း ပါဝင်နေပေသည်။ ကုန်သွယ်မှုကဏ္ဍ၌ တရားမျှတမှုရှိပြီး ခွဲခြားဆက်ဆံမှုများကို တားဆီးနိုင်ရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် (World Trade Organization– WTO)တွင် SPS Agreement နှင့် TBT Agreement များကို လက်မှတ်ရေးထိုးထားကြရသော်လည်း အချို့စမ်းသပ်စစ်ဆေးမှုရလဒ်များတွင် အခက်အခဲများရှိနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အရည်အသွေးစီမံခန့်ခွဲမှု နယ်ပယ်ကို လေ့လာကြည့်မည်ဆိုလျှင် အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၌ စမ်းသပ်စစ်ဆေးခြင်း (Testing) အပိုင်း၏အဓိကဖြစ်သော ဓာတ်ခွဲခန်းများတွင် ဈေးကွက်မှ တောင်းဆိုသောစစ်ဆေးမှု (Testing Parameter) များကို တိုးချဲ့ရန်၊ စမ်းသပ်စစ်ဆေးရာတွင် အသုံးပြုသော စက်ကိရိယာများ ခေတ်မီဆန်းသစ်မှုရှိရန်နှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO Accreditation) ရယူထားရန် တို့ကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ထို့ပြင် ဓာတ်ခွဲခန်းပညာရှင်၊ ဝန်ထမ်း စသောလူသားအရင်းအမြစ် (Human Resource) ကိုလည်း တည်ဆောက်ကြရမည်ဖြစ်ပြီး စဉ်ဆက်မပြတ်စေရန်လည်း ကြိုးပမ်းကြရမည်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံတွင် အရည်အသွေးစီမံခန့်ခွဲမှု နယ်ပယ်တစ်ခုလုံး ခိုင်မာအားကောင်းလာသည်နှင့်အမျှ ခေတ်သစ်ကုန်သွယ်မှု၌ ဈေးကွက်အသစ်နှင့် ဝယ်လိုအားများသော ဈေးကွက်များ ဖန်တီးဖော်ဆောင်နိုင်မည်သာမက စားသုံးသူယုံကြည်မှုလည်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံ၏တည်နေရာအနေအထားအရလည်း အိန္ဒိယ၊ တရုတ်ကဲ့သို့သော လူဦးရေပမာဏကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသောကြောင့် အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ပို့ကုန်လုပ်ငန်းရှင်များ၏အခွင့်အလမ်းသစ်များနှင့် ပို့ကုန်ချဲ့ထွင်နိုင်စွမ်းများကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်76W/39664 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/1515 Mercedes BENZ GLA 180 S/W (4x2)L ယာဉ် လက်ဝယ်ရှိသူဒေါ်မြင့်သီဂီဝင်း ၁၂/ဒဂန (နိုင်)၀၀၀၄၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထဲရေးဝန်ကြီးဌာန၊ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(ဖြည့်စွက်)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ Profile အောင်မြင်သည့်ကုမ္ပဏီအမည်စာရင်းကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသည် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော အဆောက်အဦများ ဆောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါ အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့် ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၆-၁-၂၀၂၃ရက်မှစတင်၍ သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းအုပ်စုအလိုက် ဈေးနှုန်းအဆိုပြုလွှာများအား သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် ၁၉-၁-၂၀၂၃ ရက်နေ့ ၁၀:၀၀နာရီမှ ၁၆:၀၀နာရီအထိ တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂

(ခ) အကျဉ်းဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းများဝယ်ယူမှုစိစစ်ရေးကော်မတီ Profile အောင်မြင်သည့်ကုမ္ပဏီအမည်စာရင်းကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သော စက်နှင့် စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ မော်တော်ယာဉ်များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၆-၁-၂၀၂၃ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၂၀-၁-၂၀၂၃ ရက်နေ့တွင် ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအထိ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း (ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ ဒက္ခိဏခရိုင်မီးသတ်စခန်းတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇- ၃၄၁၂၄၀၂ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) တောင်ကြီးခရိုင်တရားရုံး ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၂

ဦးဇော်မင်းစိုး နှင့် ဦးသန်းထွန်း
(တရားလို) (တရားပြိုင်)

အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ အမှတ် ၆၁၊ အကွက်ကြီး(၂၂)နေ ဦးသန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၅-၁၀-၂၀၁၉ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## သွေးသည် အသက်




## ကန့်ကွက်ရန် ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးမြို့၊ ကွင်းအမည် ပုပ္ပါးအရှေ့ကွင်း၊ ကွင်းအမှတ် (၁၉၅၅-ခ)ဧရိယာ (၄)ဧက အကျယ်အဝန်းရှိ ရေငန်းတော ဥယျာဉ်ခြံမြေကြီးသည် ကျွန်ုပ်အမှုသည်များ၏ ဖခင် ကွယ်လွန်သူ ကျန်းမာရေးမှူး(အငြိမ်းစား) ဦးဗိုလ်အား သက်ဆိုင်ရာမှ လုပ်ကိုင်ခွင့်ပြုထားသည့်မြေဖြစ်ပါသည်။ ယခုအခါ မသမာသူအချို့က ၎င်းခြံကွက်ကြီးအတွင်း ဝင်ရောက်ကျူးကျော်ထားသည်ကို စိစစ်တွေ့ရှိရပါသဖြင့် ကွယ်လွန်သူ ဦးဗိုလ်၏သမီးများဖြစ်သည့် ကျွန်ုပ်အမှုသည်များက ယင်းကိစ္စအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ယင်းသို့ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်မှ ကန့်ကွက်လိုပါလျှင် တရားဝင်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ် ညွှန်ကြားချက်အရ-**
**ဦးရဲမြင့်(ရေနံမြေ) LL.B, C.B.L**
**တရားလွှတ်တော် ရှေ့နေ (၂၅၀၃)**
**အမှတ်(၈/ ၁- ဘီ)၊ မြဇေယျာလမ်း၊ (၃)ရပ်ကွက်၊**
**ကမာရွတ် မြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၉-၅၄၁၆၅၉၈**

## " ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက် "

ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ ၁၆၆ လမ်း၊ အမှတ် - ၇၁၊ မြေတိုင်းရပ်ကွက် - ၃၄ (E-1)၊ မြေကွက်အမှတ် (၁၂၅)ဟုခေါ်တွင်သော ဧရိယာ (၃၅ × ၇၀) ပေအကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၈)ထပ်တိုက်အဆောက်အဦး၏ မြေညီထပ် (A) လူနေတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့် ရှိသူဟု အဆိုရှိသူ ဒေါ်စန္ဒာဝင်း (၁၂/တမန(နိုင်)၀၈၁၇၈၉)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၂၃.၁.၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းအောင် (ငါးသိုင်းချောင်း)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၉ (၂.၂.၂၀၁၂)၊ ဖုန်း-၀၉-၅၀၅၄၃၆၆**

## သမဝါယမအသင်းဆိုင်များ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချ

**ပုသိမ် ဇန်နဝါရီ ၁၅**

သမဝါယမကဏ္ဍက အရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေကျီးညိုရောင်းဝယ်ရေးသမဝါယမအသင်းဆိုင်နှင့် မအူပင်မြို့နယ် ဖူးသစ်ဝေအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အသင်းဆိုင်က လူသုံး၊ အိမ်သုံး၊ အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် စာရေးကိရိယာအမျိုးမျိုးကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။ ထို့အတူ မအူပင်မြို့နယ် ကောင်းမွန်ကျော် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အသင်းဆိုင်က စာရေးကိရိယာနှင့်လက်ဆောင်ပစ္စည်းများကို အသင်းသားပြည်သူများအား ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်ဆီတင်ဒါ အရေအတွက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ မြန်မာ့မီးရထားမှ ခေါ်ယူခဲ့သော တင်ဒါအမှတ်၂၀၂/မမ/(CME/CE)ပါ ဒီဇယ်ဆီ ဂါလန် အရေအတွက်အား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမည် |
|---|---|---|
| ၁ | ၂၀၂ / မမ / (CME/CE) | **ဒီဇယ်ဆီ (၅၄၈၃၀၀) ဂါလန်အား အောက်ပါနေရာများအရောက်ဝယ်ယူရန်**<br>မလွှကုန်း = ၅၁၅၅၀၀ ဂါလန် ၊ တောင်ကြီး = ၅၆၀၀ ဂါလန် ၊<br>စစ်တွေ = ၂၀၀၀ ဂါလန် ၊ ဟင်္သာတ = ၂၂၄၀၀ ဂါလန် ၊<br>ပခုက္ကူ = ၂၈၀၀ ဂါလန် ။ |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၃ . ၁. ၂၀၂၃ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)ရှိ ဦးဇာနည်စိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် ZC-၀၀၇(အေ)၊ မြေဧရိယာ ၅ ဒသမ ၂၅၇ဧကအတွင်း အဆင့်မြင့်အိမ်ရာစီမံကိန်း ဖော်ဆောင်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အတည်ပြုပြီးဖြစ်သည့် အကွက်ချပုံစံ (Plot Plan) ပါ မြေကွက်(၁၁)အား မြေငှားစာချုပ်စာအုပ်(၁၁)အုပ်ဖြင့် မြေကွက်ခွဲစိတ်၍ ဦးဇာနည်စိုး အမည်ဖြင့် ထုတ်ပေးနိုင်ပါရန် မြေငှားစာချုပ်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဌေးလင်း (ဘ) ဦးကံညွန့် ၈/ပခက(နိုင်)၁၅၅၃၁၀ မှ မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြပြီး မြေငှားစာချုပ် မြေကွက်ခွဲစိတ်ခွင့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် မြေကွက်ခွဲစိတ်ခွင့်အား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့၊ ရွာမရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည် (ဆေးရုံကြီးရပ်)၊ မြေကွက်အမှတ်(၅၀)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ ၀ ဒသမ ၇၆၃ ဧကရှိ မြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန် အမှုတွဲအမှတ်(၁၈/၂၀၁၇)ဖြင့် ၃-၁၀-၂၀၁၇ရက် မှ ၂-၁၀-၂၀၄၇ရက်အထိ ဦးငွေထွန်း ၁၂/ဥကတ(နိုင်)၀၀၀၆၇၇ အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားမှုအပေါ် အဆိုပါမြေငှားဂရန် မူရင်းသည် ပျောက်ဆုံးသွားသဖြင့် မြေငှားဂရန်ရုံးလက်ခံအား မိတ္တူကူးယူခွင့်ပြုနိုင်ပါရန် သက်ဆိုင်ရာဌာနသို့ ဆက်လက်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးငွေထွန်း**
**၁၂/ဥကတ(နိုင်)၀၀၀၆၇၇**
**ရွာမရပ်ကွက်၊ ရွာငံမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ် ၁၆၇၊ ဟောင်ကောင်နှစ်ထပ်တိုက်၏ မြေညီထပ် လက်ယာဘက်အခန်း၊ ဟောင်ကောင်ပုံစံ-နှစ်လွှာ ၂ခန်း၊ အကျယ် (၁၀'x၄၀')ရှိ ကိုယ်ပိုင်မီတာ၊ ရေမီးအစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု ဝန်ခံအဆိုပြုသူ ဦးတင်မောင်မြင့် ၁၁/ကဖန(နိုင်)၀၀၀၂၄၁ နှင့် ဒေါ်အေးရီ ၁၁/ကဖန(နိုင်)၀၃၆၁၁၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မိုးအေး ၁၂/ဗတထ(နိုင်)၀၂၈၈၈၇ က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင် အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေကျော်စိုး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၅၉/၂၀၁၀)**
**အမှတ် (၁၄၃)၊ (၆)လွှာ၊ ၃၇လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၉၉၆၃၃၄၄**

## ဥတုရာသီ တောကိုမှီ၏

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/6240 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
## ကျောက်ဆည်တက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောက်ဆည်တက္ကသိုလ်၏ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပချိန် ၁၈-၂-၂၀၂၃ ရက်မှ ၁၉-၂-၂၀၂၃ ရက်အထိ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းဆောင်ရွက်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဓာတ်ပုံအိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၁-၂၀၂၃ ရက် (ကြာသပတေးနေ့)မှစ၍ ရုံးချိန်အတွင်း ဘဏ္ဍာရေးရာဌာနတွင် ရောင်းချမည်ဖြစ်ပြီး ၃-၂-၂၀၂၃ ရက်(သောကြာနေ့)၊ ညနေ ၃:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဖုန်း-၀၉-၄၀၀၄၄၀၀၉၉၊ ၀၉-၄၄၂၀၇၅၉၉၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံနှင့် ဗီဒီယိုလုပ်ငန်းဆပ်ကော်မတီ**
**ကျောက်ဆည်တက္ကသိုလ်**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၂၅

**ကွယ်လွန်သူ ဦးဌေးမောင် ၏ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဘန့်ကွဲကျေးရွာအုပ်စု၊ ဘန့်ကွဲကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဌေးမောင်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းစာ ထုတ်ပေးပါမည့်အကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဘန့်ကွဲကျေးရွာအုပ်စု၊ ဘန့်ကွဲကျေးရွာနေ ဒေါ်အမာတင်က အမွေထိန်းလက်မှတ်စာ အရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ရက်(၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဌေးမောင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအား ဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းစာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်အမာတင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးမင်း)
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)17/RBE | RBE Spare Parts (၅၃) မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၃၀ . ၁ . ၂၀၂၃ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၆ . ၁ . ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994

## အရောင်းအဝယ်စရန်ပေးစာချုပ်အား ဖျက်သိမ်းခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ အမှတ် ၁ B-Star Villa ၊ အကျယ်အဝန်း (၆၄၀၀) စတုရန်းပေရှိ လုံးချင်းအိမ်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကြယ်စင်အိမ်ရာစီမံကိန်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးညဏ်သစ်လှိုင် ၁၂/လမတ(နိုင်)၀၁၆၃၂၁ နှင့် ဒေါ်သန်းသန်းခိုင် ၁၂/ဗတထ(နိုင်)၀၀၀၅၅၇ တို့ထံမှ ဒေါ်မေသူကျော် ၁၂/ဥကတ(နိုင်)၀၀၁၄၃၁၊ အခန်းအမှတ် (၂၂၁၀)၊ Crystal Residence၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူက ၁၁-၁-၂၀၂၃ရက်စွဲပါ နှစ်ဦးသဘောတူလုံးချင်းအိမ်နှင့်မြေကွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ငွေပေးချေရန် အခက်အခဲကြောင့် ဆက်လက်ဝယ်ယူရန် ဆန္ဒမရှိတော့ပါသဖြင့် ယခုဝယ်ယူထားသော အရောင်းအဝယ်စရန်ပေးစာချုပ်အား နှစ်ဦးသဘောတူဖျက်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅** |
| **ဖုန်း ၀၉-၅၁၇၁၄၃၃** | **ဖုန်း ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/ 31438 Honda Click 150 m/c ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/ 61176 Kamax 125 M/C ယာဉ်လက်ဝယ်ရှိသူ Kamax Group Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀x၅၇ လမ်းထောင့်ရှိ Grand Mandalay Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ် -၁၀၂၄၃၄၅၈၇ သည် ၂၅-၁၁-၂၀၂၂ ရက်တွင် ကျင်းပပြုလုပ်သည့်အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်များအရ မတည်ရင်းနှီးငွေ တန်ဖိုးကျပ်သန်း (၇၅၀၀)မှ ကျပ်သန်း (၅၉၆၀)သို့ မတည်ရင်းနှီးငွေ လျှော့ချမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

